# သခင့်စကား
# The LORD's Word


မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

www.thelordword.com
တွင် အခမဲ့ ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

ယေရှုက ထိုစကားသံသည် ငါ့အကျိုးအလို့ငှာ လာသည်မဟုတ်။ သင်တို့အကျိုးအလို့ငှာ လာ၏။ ယောဟန် ၁၂:၃၀

အမှတ်စဉ် (၁၂၃) နိုဝင်ဘာလ ၂၀၁၁ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)



## နာမည် မင်းအောင်သက်လွင်



နာမည် မတက် ရင်နေပါစေ။
နာမည် မပျက် ရင်တော်ပါပြီ။
နာမည် မကောင်း ရင်နေပါစေ။
နာမည် မပောင်း ရင်တော်ပါပြီ။
နာမည် မရိုး ရင်နေပါစေ။
နာမည် မဆိုး ရင်တော်ပါပြီ။
နာမည် အရှိန်မတောက် ရင်နေပါစေ။
နာမည် မမှိန်ပျောက် ရင်တော်ပါပြီ။
နာမည် ပြည်တော်မပြန် ရင်နေပါစေ။
နာမည် ညှီစော်မနံ ရင်တော်ပါပြီ။
နာမည် မိုးမကြွ ရင်နေပါစေ၊ နာမည် မြေမခ ရင် တော်ပါပြီ။
နာမည် မကျော်ရင် နေပါစေ၊ နာမည် မညှော်ရင် တော်ပါပြီ။
နာမည် ဟောလီးဝုဒ်စတား စာရင်းထဲ မပါရင် နေပါစေ၊
နာမည် ကောင်းကင်ဇယား စာရင်းထဲ ပါရင် တော်ပါပြီ။ ။

--------------------------------------------------

## ကျေးဇူးတော် လင်းအိမ်ရှင်



သူတကာလို ပစ္စည်းဥစ္စာ မချမ်းသာလဲ
ထာဝရအသက် ပိုင်ဆိုင်လျှက်ထား ဤကျေးဇူးကား
လောကတခွင် ရှိသမျှတွင် တန်ဖိုးရှိဆုံး သိနေအုံးတော့
ခါတရံတွင် ပြစ်သား ကျွန်ုပ် စိတ်ယုတ်ဝင်လာ
စိုးရိမ်စွာဖြင့် ရင်မှာ နွမ်းလျ မျက်ရည်စနှင့်
တမ်းတမိတယ် သခင်ရယ်။
ဤအချိန်မှာ သခင်မိန့်မှာ စကားတစ်ခွန်းဟာဖြင့်
"ငါ့ကျေးဇူးသည် သင့်အဖို့ လောက်ပေ၏ "တဲ့ ။ ။

--------------------------------------------------

## နိုင်ငံတော်သာဦးစွာရှာ Samuel Soe Lwin



တိုတောင်းတဲ့ ဘဝမှာလေ တွေဝေကာ မနေနှင့်
များမြောင်လှ မရေရာတာတွေ ငိုင်တွေကာ ထိုင်နေလည်း
ရေရာလာမည် မဟုတ် သေချာတာ တစ်ခုကတော့ဖြင့်
အချိန်သာကုန် ဒုက္ခတွေကုန် မလာဘဲ
ဘဝတွေ ပိုမှောင်ရီ သောကတွေ ဝေဝေစီ၍
အဆုံးသတ်မလှ ဘဝက ခွကျကျဖြင့်
မရေရာ နောင်ရေး အဆုံးကတော့ ရွှေရင် မအေး.....
လိုလျှင်ကြံဆ နည်းလမ်းရမို့ ရလာဘဝ အချေ
သမ္မာတရားတွေဖက်လေက အမျက်ပြေ ဘဝ
လွန်အေးမြလျှက် မြေကြည်သာ လက်တွေ့ မင်္ဂလာမို့
လက်တွေ့ တရားဖက် အေးမြမည် ဒီတသက်.....
တဖန် ဘုရားဖက် အကျိုးဆက်က ကင်းဝေး အနိဋ္ဌာ



ဘေးဘယာနှင့် ကြုံလာ ဒုက္ခ ဘုရား မ၍
ကောင်းကျိုးချမ်းသာ ယုံသူတိုင်း အခွင့် မဟာမို့
ဘုရားဖက်တော့ အသက်ရှည် နှစ်သွယ်ဘဝအတွက် ရင်အေးစေ ။ ။

--------------------------------------------------

## အနားမှာအမြဲရှိတယ်။ မောင့်လားဟူမလေး

တစ်နေ့ - ကျမ နိုက်ဂျူတီပြီးလို့ ဆေးရုံကနေ အိမ်ကို ပြန်လာတဲ့ တစ်နေ့မှာပေါ့။ မိုးလေးတွေက တဖွဲဖွဲ ရွာနေတယ်။ အလုပ်က အပြန်မို့ ခြေလှမ်းတွေက နေးကန်။ အလုပ်ပင်ပန်းခဲ့လို့ စိတ်ဓါတ်တွေလဲ လေးလံ လို့နေပါတယ်။ နိစ္စဓူဝ ရုန်းကန်နေရတဲ့ ဝမ်းတစ်ထွာအတွက် လင်မယားနှစ်ယောက် လစာနဲ့ မိသားတစ်စု ပါးစပ်ပေါက်တွေကို ကိုယ့်ခွန်အားနဲ့ ဘယ်လိုမှ ဖြည့်လို့ မနိုင်တဲ့ ဘဝမို့ အားမရှိတော့သလို ခံစားမိပါတယ်။ အလုပ်ထဲက ပြဿနာ၊ အိမ်သားတွေထဲက ပြဿနာ။ အသင်းတော်က ပြဿနာ။ သူငယ်ချင်းတွေရဲ့ ပြဿနာတွေကလဲ နေ့စဉ် နာရီနဲ့ အမျှ ကြားနေရလို့ အမြဲလိုလို စိတ်ထဲမွန်းကြပ်နေမိတပါတယ်။

အာရှမှာ အား အကောင်းဆုံး ကျားတစ်ကောင်လို့ ယူဆ သတ်မှတ်ထားတဲ့ စင်ကာပူ နိုင်ငံထဲမှာ အလုပ် လုပ်၊ နေထိုင်နေရပေမဲ့ တစ်နေ့မှာ ၁၂နာရီ တစ်ပါတ်မှာ နာရီပေါင်း များစွာ စက်ရုပ်တစ်ရုပ်လို ပရိုဂရမ် သွင်းထားသလို အလုပ်လုပ်နေရတဲ့ ဘဝအတွက် ရင်ထဲမှာ ခပ်နာနာလဲ ဖြစ်မိပါတယ်။ မယုံကြည်သူ တစ်ယောက်ဆိုရင် ဗေဒင်လက္ခဏာတွေ မေးမိမှာဖြစ်သလို စိတ်နောက်နေသူတစ်ယောက်သာ ဖြစ်ရင် တိုက်ပေါ်က ခုန်ချ နိုင်လောက်တဲ့ စင်ကာပူရယ်ပါ။ ပြဿနာတွေ များလာခဲ့ရင် ကိုယ်တော် ဘယ်ရောက်နေသလဲ ။ ဘုရားသခင် မကယ်တော့ဘူးလားလို့ တစ်ခါတစ်ခါ တွေးမိ မေးမိပါရဲ့။

အဲဒီလို တစ်ယောက်တည်း တွေးနေရင်း အိမ်အပြန် လမ်းတလျှောက် လူပြတ်တဲ့ လမ်းလေးပေါ်မှာ ကျမနဲ့ ရှေ့က သွားနေတဲ့ သားအမိ နှစ်ယောက်ဘဲ ရှိနေတာကို သတိ ထားမိလိုက်ပါတယ်။ ဖွဲပြီး ရွာနေတဲ့ မိုးက တဖြည်းဖြည်းနဲ့ သည်းပြီး ရွာလာတော့ ဆောင်း ထားတဲ့ ထီးကို မိုးမစိုအောင် ခပ်နိမ့်နိမ့်လေး ဆောင်းလိုက်မိချိန်မှာ ရှေ့က သွားနေတဲ့ သားအမိ ၂ယောက်ကို ပိုလို့ သတိထားမိသွားပါတယ်။ သားအမိ ဆိုတာထက် မြေး အဖွားဆိုရင် မမှားနိုင်ဘူးထင်ပါတယ်။ ကလေးလေးက ၃နှစ်အရွယ် ပြေးတတ်ကာစ ကလေးဖြစ်ပြီး အဖွားက အသက် ၆၀ကျော် ဆံပင် တစ်ခေါင်းလုံး ဖြူကာစ အရွယ်ပါ။ ကလေး လေးက အဖွားဖြစ်သူ ကိုင်ထားတဲ့ လက်ကို အတင်း ဆွဲချွတ်ပြီး မိုးရွာထဲမှာ လျှောက်ပြေး နေပါတယ်။ အဖွား ဖြစ်သူက ထီးသေးသေးလေးနဲ့ မြေးကလေး မိုးမိပြီး အအေး မိမှာစိုးလို့ ပါးစပ်က ဟဲ့ကလေး မပြေးနဲ့လေ။ ဩော် ချော်လဲတော့မှာဘဲ။ နေအုံးလေ။ လို့ တတွတ်တွတ် ရွတ်နေသလို ကလေးကို မိုးရေ မစိုအောင် ထီးလိုက် မိုးပေးနေပါတယ်။ အပူအပင် မရှိ။ အကြောက်အလန့်မရှိတဲ့ ကလေးကတော့ တဟီးဟီး တဟားဟားနဲ့ အပြေး မရပ်ခဲ့ပေမဲ့ မိုးရေ တစ်စက်မှ မစိုခဲ့ပါ။ အဖွား ဖြစ်သူက ကလေး မိုးမစိုအောင် ထီးလိုက် မိုးပေးနေလို့ပါဘဲ။ ဒါပေမဲ့ အဖွားဖြစ်သူကတော့ ဆံပင်ဖြူဖြူက စပြီး ဂါဝန် အဆုံး မိုးရေတွေနဲ့ ရွဲစိုလို့ နေခဲ့ပါတယ်။

ကျမ်းစာထဲမှာ - အမိသည် မိမိ နို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ ထိုသို့ မေ့လျော့ နိုင်သော်လဲ သင့်ကို ငါ မမေ့လျော့ လို့ ဆိုထားပါတယ်။ ကျမတို့ မိုး မစိုဖို့ သခင်က မိုး အစိုခံပြီး ထီး မိုးပေးခဲ့ပါတယ်။ ကျမတို့ မစိုးရိမ် ဖို့ သခင်က စိုးရိမ်ပေးခဲ့ပါတယ်။ ကျမတို့ အပြစ်က လွတ်ဖို့ သခင်က အသေခံ ပေးခဲ့ပါ တယ်။ ကျမတို့ တာဝန်က သခင်ရဲ့ အရိပ်အောက်မှာ ရှိနေဖို့ဘဲ လိုပါတယ်။ သခင် အမြဲတမ်း အနားမှာ ရှိနေတယ် ဆိုတာကို နှလုံးသွင်းထားရင် မိုးစိုမှာကို လဲ မစိုးရိမ်တော့ပါ။ **မောင့်လားဟူမလေး**

--------------------------------------------------

## စင်ကာပူမှ ပရဒိသုဘုံ မင်းဟသ်ာ(အင်းစိန်)

ယေရှုကလဲ ငါအမှန်အကန်ဆိုသည်ကား ယနေ့တွင် သင်သည် ငါနှင့်အတူ ပရိဒိသုဘုံတွင် ရှိလိမ့်မည်ဟု မိန့်တော်မူ၏။ လု ၂၃:၄၃

အထက်ပါ ကျမ်းချက်သည် ကရာနိ လူသတ်ကုန်းပေါ်တွင် သေခြင်းဝေဒနာကို လက်တွေ့ ခံစားနေရသော နောင်တရ လူဆိုးကြီးအား သခင်ယေရှု ပြောခဲ့သည့် စကား ဖြစ်သည်။ ထိုနည်းတူ ကျနော်သည် လွန်ခဲ့သော ၁၇နှစ်ခန့် ၁၉၉၄ ခုနှစ်က စင်ကာပူ နိုင်ငံတွင် ရောက်ရှိ အလုပ်ရှာဖွေနေစဉ် သေမလောက် ကြီးမားသော ဒုက္ခဝေဒနာမှ ကိုယ်တော် ကယ်တင်ခဲ့သည် ့ စင်ကာပူမှ ပရဒိသုဘုံ အကြောင်းဝေငှပါရစေ။ ၂၀၀၉ စက်တင်ဘာလထုတ် သခင့်စကားစာစောင်တွင် ကျနော် ရေးသားသက်သေခံ ခဲ့သော စင်ကာပူမှ ငိုရှိုက်ချိုးမွမ်းသံ တွင် ကျနော်၏ ပညာ၊ ဘဝနှင့်ရင်းနှီးပြီး အလုပ်အကိုင် ရှာဖွေစဉ် ကိုယ်တော်ရှင်က မစခဲ့သော အကြောင်းများကို သက်သေခံခဲ့ပြီး ဖြစ်ပါသည်။ ယခု သက်သေ ခံချက်မှာ ယခင် သက်သေခံချက်၏ တစိတ်တဒေသ ဖြစ်ပြီး ကောင်းမြတ်တော်မူ သော ကိုယ်တော်ရှင်၏ မစခြင်းများကို သက်သေထူနေပါသည်။

ကျနော်သည် မြန်မာပြည်တွင် ဆက်သွယ်ရေး အရာရှိအဖြစ် တာဝန် ထမ်းဆောင် နေရာမှ နိုင်ငံခြား သင်္ဘောလိုင်းတွင် ရေဒီယို ဆက်သွယ်ရေး အရာရှိ အဖြစ် လုပ်ကိုင်လိုသဖြင့် ဗန်ကောက်မြို့သို့ ထွက်ခွာလာရင်း အဆင်သိပ် မပြေသဖြင့် (သခင့်စကား


The LORD'S Word 1-123

မင်းအောင်သက်လွင် ရေးသားစီစဉ်ထုတ်ဝေသည့် တတိယမြောက် မီနီမဂ္ဂဇင်း " အစေခံလမ်းမှ -" ထွက်ပြီ။
မြန်မာပြည်ကျမ်းစာအသင်း(ရန်ကုန်) ။ Judson Baptist Church (S'pore)၊ စကောကရင်နှစ်ခြင်းအသင်းတော်(S'pore) စာအုပ်ဆိုင်များတွင် ရရှိနိုင်ပါသည်။

အမှတ် ၁၂၂ ယခင်လ တွင် ဗန်ကောက်မြို့မှ သက်စမ်းရေ စာမူဖြင့် အသေးစိတ် သက်သေခံခဲ့ပြီး ဖြစ်ပါသည်) အခွင့်အလမ်း များသည့် စင်ကာပူ နိုင်ငံသို့ ထွက်ခွာ လာခဲ့ရာ ယခင်က အလုပ် အတူတူလုပ်ခဲ့ပြီး လက်ရှိ စင်ကာပူတွင် အလုပ်လုပ် နေသော သူငယ်ချင်းများ၏ နေအိမ်တွင် ခေတ္တ ခိုနားနေထိုင်ရန် ဆက်သွယ် အကူအညီ တောင်းမိပါသည်။

သူငယ်ချင်းထံမှ မီးစိမ်းပြသော အခါ ဝမ်းသာအားရဖြင့် ကျနော် ဗန်ကောက်မှ စင်ကာပူသို့ လေယာဉ်ဖြင့် ရောက်လာခဲ့ပါသည်။ သူငယ်ချင်းအိမ်တွင် တညအိပ်တည်းခိုပြီး စိတ်လက် ချမ်းသာစွာဖြင့် အလုပ်ရှာမည်ဟု စိတ်ကူးလှလှဖြင့် အိပ်စက်ခဲ့ပြီး နောက်နေ့ မနက်အရောက်တွင် ကျနော်၏ စိတ်ကူးများ ပျောက်ကွယ် သွားရပါသည်။ အကြောင်းမှာ အိမ်ရှင် အိန္ဒိယ အမျိုးသမီးမှ စိတ်ပြောင်းကာ ကျနော့်အား တစ်ညသာ လက်ခံမည်ဟု ဆိုလာသဖြင့် အိမ်ပြောင်းရတော့မည် ဖြစ်ပါသည်။ သူငယ်ချင်း မှာ ကျနော့်အား လက်မခံလျှင် သူလဲ အိမ်ပြောင်းနေမည်ဟု အိမ်ရှင်အား အကျပ်ကိုင် သတိပေး ခဲ့သော်လည်း ကျနော့်ကြောင့် စင်ကာပူတွင် အေးအေးလူလူ အလုပ်လုပ် နေထိုင်သော သူငယ်ချင်း ဒုက္ခရောက်မည်စိုးကာ ကျနော် တစ်ယောက်တည်း အိမ်ပြောင်း ရပါသည်။ နောက် သူငယ်ချင်း တစ်ဦး ထံ ဆယ်သွယ်ကြည့်ရာ သူငယ်ချင်းက စင်ကာပူတွင် အလုပ် လာရှာသူများ အများစု နေထိုင်သော မြန်မာ အန်တီကြီးတစ်ဦး၏ အိမ်တွင် နေထိုင် ရန် လှမ်းခေါ်သဖြင့် ကျနော် ရောက်ရှိသွားခဲ့ပါသည်။ ထိုအိမ်ရှင် အန်တီကြီးသည် မိခင် မေတ္တာ အပြည့်ဖြင့် အခကြေးငွေ မယူဘဲ မြန်မာပြည်မှ စင်ကာပူသို့ အကြောင်း အမျိုးမျိုး ဖြင့် လာရောက် အလုပ်ရှာသူများကို လက်ခံကျွေးမွေးခဲ့ပါသည်။ ဧည့်သည်များကလဲ မိမိတို့ ထဲမှ သင့်တော်သူ တစ်ဦးကို ခေါင်းဆောင်အဖြစ်ခန့်ကာ ထမင်းဟင်း ချက်ပြုတ် အိမ် သန့်ရှင်း ရေး။ အဝတ်လျှော် ကိစ္စများတွင် အလှည့်ကျ တာဝန်ထမ်းဆောင် စေကာ အချိန် ကိုက် ထမင်းစုပေါင်းစားသော စံနစ်ဖြင့် နေထိုင်ခဲ့ကြပါသည်။ အန်တီကြီးနှင့် ခေါင်းဆောင် တို့၏ စီမံမှု အောက်တွင် နေထိုင်သော အုပ်ချုပ်မှုမှာ စုပ ါတန်းဝင် နေပါသည်။

မကြာမီ စင်ကာပူတွင် အီးပီဖြင့် နေထိုင်သူ သူငယ်ချင်းတစ်ဦးက မိမိအိမ်တွင် လာရောက် နေထိုင်ရန် ကမ်းလှမ်းမှုကြောင့် စင်ကာပူ သူဌေး မနေသော သူငယ်ချင်း တစ်ယောက်တည်းနေသော တိုက်ခန်းတွင် ကျနော်သွားရောက် နေထိုင်ရာ အလွန်တရာ ကောင်းမွန် လွတ်လပ်နေပါတော့သည်။ တစ်အိမ်လုံးတွင် ကျနော်တို့ ၂ယောက်တည်းသာ ရှိပါသည်။ ဆိုင်ထမင်း စားရသဖြင့် ပို၍ပင် သက်သာနေပါတော့သည်။ သို့သော် ၃ရက် အကြာတွင် ကံဆိုးမ သွားလေရာ မိုးလိုက်၍ရွာ ဆိုသလို အိမ်ရှင်သူဌေးမှ မိမိတို့ တိုက်ခန်းကို မငှားလိုတော့ကြောင်း ပြောလာသဖြင့် ကျနော်တို့ အိမ်ပြောင်းကြရ ပြန်ပါသည်။ ကျနော် စင်ကာပူ ရောက်စဉ် ၁၀ရက်အတွင်း အိမ် ၃အိမ် ပြောင်းခဲ့ရသဖြင့် စိတ်ဓါတ် အဝိစိတွင်းသို့ ကျသွားခဲ့ပါသည်။ အလုပ်ရရှိရေးထက် စင်ကာပူတွင် ခေတ္တ နေထိုင်နိုင်ရေးက ပိုအရေးကြီးပါသည်။ မျက်ရည်လည်ရွဲဖြင့် ဘုရားရှင်ထံ အသနားခံ ဆုတောင်းရင်း စင်ကာပူတွင် ရောက်နှင့်နေသော စတီရီယို အဆိုတော် မွန်အမျိုးသမီး တစ်ဦးထံ သတိရ၍ အကူအညီ တောင်းခဲ့ရာ သူမက လိုလိုလားလားဖြင့် အကူအညီပေးမည် ဆိုကာ စင်ကာပူတွင်ရှိနှင့်နေသော မြန်မာမိတ်သဟာယ အဖွဲ့မှ သင်းအုပ်ဆရာနှင့် အသင်း လူကြီးများနှင့် ဆက်သွယ်ပေးခဲ့ပါသည်။ သူတို့ ဖွင့်လှစ်ထားပြီး မြန်မာ အလုပ်သမားများကို ကူညီနေသော ခရစ်ယာန်မိသားစုနေအိမ်တွင် နေထိုင်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ ထိုအိမ်တွင် နေသူများမှာ အင်းစိန် တောင်သူကုန်းမှ ကရင် အမျိုးသား ခရစ်ယာန် ယုံကြည်သူများဖြစ်ပြီး အသင်းတော်နှင့် အလုပ်အဆင်ပြေသူ အသင်းလူကြီးများ၊ အလှူရှင်များ လစဉ်ထောက်ပံ့သော စရိတ်ဖြင့် ကျနော်ကဲ့သို့ အလုပ်လာရှာသူများ စုပေါင်း နေထိုင်စားသောက်သော အိမ်လေးဖြစ်ပါသည်။ ထိုစဉ်က ကျနော် အသက် ၅၀ ရှိသဖြင့် အသက်အရွယ်ကို လေးစားသောအားဖြင့် အားလုံးက ဖထီး ဖထီး ဟု ခေါ်ကာ ကျနော့်အား ဦးစားပေးကာ စားစရာများ ဦးဦးဖျားဖျား ချကျွေးသလို အိပ်စရာ နေရာကုတင်များ ဖယ်ပေးပြီး သူတို့ ကိုယ်တိုင် ကြမ်းပြင်ပေါ် ဆင်းအိပ်ခဲ့သော စေတနာများကို မြင်ရသောအခါ ထိုသို့လူ အများနှင့် မနေခဲ့ဖူးသော ကျနော်သည် ပရိဒိသုဘုံ ရောက်နေသည့်အလား မျက်ရည်တောက်တောက်ကျ ဝမ်းသာ ပီတိ ဂွမ်းဆီထိ ခဲ့ရပါသည်။ ထိုသို့ တစ်ယောက် နှင့် တစ်ယောက် ကူညီမစ ဦးစားပေးသော သူတို့၏ စိတ်ထားသည် အကယ်စင်စစ် ဘုရား သခင် ထံမှ လာသော မေတ္တာများကြောင့်ပင် ဖြစ်ရာ ကျနော်သည် အရှင်လတ်လတ် ကောင်းကင် ပရဒိသုဘုံ ရောက်နေသည့်အလား ခံစားမိပါသည်။ ယခုလို နှစ်ပေါင်း ဆယ်နှစ် မကကြာ ခဲ့ပြီးမှ ပြန်တွေးတော ရေတွက်ခဲ့သော ကိုယ်တော်ရှင်၏ ကျေးဇူး တော်များထဲတွင် မေတ္တာ ပြခဲ့သော ထိုအသင်းတော် (ယခု ဂျေဘီစီအက်စ် အသင်းတော်) သင်းအုပ်နှင့် စကော ကရင်အသင်းတော် စင်ကာပူမှ သင်းအုပ်များ သင်းထောက် လူကြီး လူငယ် ခေါင်းဆောင် များ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ ကော ၃း၂၃ လူ၏ အမှုကိုသာ ဆောင်ရွက်သကဲ့သို့ မဟုတ်။ သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်သကဲ့သို့ ပြုလေသမျှတို့၌ စေတနာစိတ်နှင့် ပြုကြလော့။

ထိုသူများသည် ကျနော့်အား စေတနာဖြင့် နေစရာကို ကူညီရုံသာမက အလုပ်ရရန် ဆုတောင်းပေးခဲ့ကြပါသည်။ ထို့အပြင် ဝိညာဉ်ရေးရာ အစာ အာဟာရ တရားရေအေး များကိုလဲ တိုက်ကျွေး ဝေငှခဲ့ကြပါသည်။ နိဂုံးချုပ်ရေးသားရပါလျှင် ထို ပရိဒိသုဘုံ စင်ကာပူ အိမ်လေးမှာပင် ကျနော်သည် အလွန် ကြီးမြတ်လေးလံသော အပြည်ပြည် ဆိုင်ရာ လေကြောင်း တွင် အလုပ်ရခဲ့ပါသည်။ ကမ္ဘာ့လေကြောင်း ဆက်သွယ်ရေး ကုမ္ပဏီ တစ်ခုမှ ကျနော့်အား မြန်မာပြည် တာဝန်ခံ မန်နေဂျာ ရာထူးဖြင့် စင်ကာပူ လစာအတိုင်း စင်ကာပူ ရုံးခန်း အတိုင်း စင်ကာပူ ဖက်စ်စလတီ အပြည့်ဖြင့် မြန်မာပြည်တွင် နေထိုင်ကာ အလုပ်လုပ်ရန် နေရာချ ရာထူးပေး အလုပ် ခန့်အပ်ခြင်း ခံခဲ့ရပါသည်။ မိမိချစ်သော အမိမြန်မာပြည်တွင် နေထိုင်ရကာ ဆွေမျိုးမိဘများနှင့် အတူတူနေရင်း စင်ကာပူလစာ အပြည့်ရရှိစေခဲ့သော အလုပ်ရရှိခဲ့ရန် ပြင်ဆင်ပေးသော အဘဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း ရေတွက်ရင်း စင်ကာပူမှ ပရဒိသုဘုံအကြောင်း သက်သေခံ ရေးသား ဝေငှလိုက်ပါသည်။ ။ **မင်းဟသ်ာ (အင်းစိန်)**

---





## **ပညာ** နိုကိုဂျူး

သမ္မာကျမ်းစာထဲမှာ အကြောင်းအရာတစ်ချို့ဟာ ၂မျိုး ၂စား ရှိတဲ့အကြောင်း ရေးထား တာကို တွေ့ရပါတယ်။ ပညာ၂မျိုး။ တောင် ၂မျိုး။ ရေ ၂မျိုးဖြော်ငှမတ်ခြင်း၂မျိုး။ တို့ ဖြစ်ပါတယ်။ ကျနော် မသိတဲ့ အခြား အကြောင်းအရာ ၂မျိုးတွေလဲ ရှိအုံးမှာပါ။ ဘုရားသခင်ရဲ့ နက်နဲသော အရာတွေကို သိဖို့ ပညာ လိုတယ်ဆိုတာ လွန်ခဲ့သော လများက ချီးမွမ်းပါဆိုတဲ့ ဆောင်းပါးမှာ ဝေငှခဲ့ပြီး ဖြစ်ပါတယ်။ ပညာ ၂မျိုး ရှိပါတယ်။ သက်ရှိ ပညာနဲ့ သက်မဲ့ ပညာဘဲ ဖြစ်ပါတယ်။ ပညာရှိတဲ့ သူက အပြောအဆို ကောင်းကြပါတယ်။ ငါ ဆရာဝန်။ ငါ အင်ဂျင်နီယာ ဆိုတဲ့မာန်တွေရှိပါတယ်။ ကျမ်းစာကို နည်းမလည်ခဲ့တုံးက သူတို့လို ပညာတွေ မတတ်တော့ ကျနော် သိမ်ငယ်သလို ခံစားမိပါတယ်။ ကျမ်းစာ သိလာချိန်မှာ သူတို့ သိထားတဲ့ ပညာဟာ သက်မဲ့ပညာ ဆိုတာ နားလည် သဘောပေါက်မိပါတယ်။ လောကီပညာဆိုတာ ခန္ဓာကိုယ်ကို ပြုစုဖို့ဘဲ ဖြစ်ပါတယ်။ လောကီပညာဟာ စိတ်နဲ့ ဆိုင်ပါတယ်။ လောကမှာ ပညာတွေ အများကြီး ရှိပါတယ်။ ဆေးပညာ။ စက်မှုပညာ။ ကွန်ပျူတာ ပညာ စတဲ့ ပညာတွေ အများကြီးပါဘဲ။ အဲဒီ ပညာတွေက ကြိုးစားရင် ကြိုးစားသလို ရပါတယ်။ ဒါပေမဲ့ သေရင် အဲဒီဟာတွေဟာ မိတ်ဆွေရဲ့ ခန္ဓာကိုယ်ထဲမှာ အတူတူ လိုက်သေသွားမှာ ဖြစ်ပါတယ်။

ဝိညာဉ်သာလျှင် ကောင်းကင်ဘုံရောက်မှာ ဖြစ်ပါတယ်။ သက်ရှိပညာ ရဖို့ ဘုရား သခင်ရဲ့နှုတ်ကပါတ်တော်ဖြစ်တဲ့ ကျမ်းစာကို သေရေးရှင်ရေးနဲ့အမျှ ဦးစားပေး ဖတ်ဖို့ လိုအပ်ပါတယ်။

ယောဘ ၄း၂၁ သူတို့၏ ဂုဏ်အသရေ ကွယ်ပျောက်၍ သူတို့သည် ပညာ မရှိဘဲ သေသွား တတ်ကြ၏။

ယောဘ ၂၂း၂ လူသည် မိမိပညာအားဖြင့် မိမိအကျိုးကို ပြုစုသကဲ့သို့ ဘုရားသခင်၌ ကျေးဇူး ပြုနိုင်သလော။

ယောဘ ၁၂း၂၀ နှုတ်သတ္တိရှိသော သူတို့ကို စကား အ စေ၍ အသက်ကြီးသော သူတို့မှ ပညာ ကို နှုတ်တော်မူ၏။

ယောဘ ၂၈း၂၃ ဘုရားသခင်သာလျှင် ပညာလမ်းကို နားလည် တော်မူ၏

အဲဒါနဲ့ ပါတ်သက်ပြီး လုပ်ဖော်ဆောင်ဘက် အစ်ကို တစ်ယောက်ကို ကျနော် မေးဖူးပါတယ်။ လူတွေရဲ့ ပညာက ဘယ်မှာ ရှိသလဲလို့။ သူက မပြောဘဲ ပြုံးပြီး ကြည့်နေပါတယ်။ သူဖြေမဲ့ အဖြေကို ကျနော်သိပါတယ်။ ပညာဆိုတာ ဦးနှောက်ထဲမှာဘဲ ရှိတာပေါ့။ အဲဒီ ဦးနှောက်က သိတဲ့ ပညာနဲ့ စဉ်းစားဆင်ခြင် ဝေဖန်သုံးသပ်ပြီး လုပ်ဆောင်တတ်ကြပါတယ်။ ယုံကြည်သူတွေရဲ့ ပညာက ဦးနှောက်ထဲမှာ မဟုတ်၊ နှလုံးသားထဲမှာ သိုထားတဲ့ သက်ရှိပညာ ဖြစ်ပါတယ်။ သုတ္တံ ၁၄း၃၃ ဉာဏ်ရှိသော သူ၏နှလုံး၌ ပညာကျိန်းဝပ်တတ်၏။ ဒါ့ကြောင့် ကျနော်တို့ ယုံကြည်သူတွေ သန့်ရှင်းသော ဝိညဉ်တော်ကို ရရှိပြီး ဝိညာဉ်တော်က ပေးသော ပညာကို ရတဲ့ အရာ က အမြင့်ဆုံး ဖြစ်တယ်ဆိုတာ ၁ကော ၁၂း၈ မှာ ဖော်ပြ ထားပါတယ်။

ဟေရှာယ ၁၁း၂ ထာဝရဘုရား၏ ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကို ပေးသော ဝိညာဉ် ကြံစည်တတ်စွမ်းနိုင်သော သတ္တိကို ပေးသော ဝိညာဉ်တော်သည် --- ထိုသူ အပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်။

၁ကော ၁း၂၅ ဘုရားသခင်၏ မိုက်မဲခြင်းအရာသည် လူတို့၏ ပညာထက် သာ၍ ပညာရှိ၏။ ပညာသတိရှိသော သူ၏ ပညာကား ကိုယ်သွားရမည့်လမ်းကို သိခြင်းတည်း။ ပညာသတိရှိသော သူမူကား မိမိသွားရာလမ်းကို စေ့စေ့ကြည့်ရှုတတ်၏။ ပညာရှိသော သူသည် ကြောက် ၍ ဒုစရိုက်ကို ရှောင်တတ်၏။ သုတ္တံ ၁၄း၈။

ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလဲ ဖြစ်၏။ အသက်လဲ ဖြစ်၏ လို့ ဆိုထားပါတယ်။ သမ္မာတရားဟာ ကျနော်တို့ရဲ့ လမ်းခရီး အသက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျမ်းစာဖတ်ခြင်းဆိုတာ မိမိသွားရမဲ့ လမ်းကို ပြင်ဆင်ခြင်းဘဲ ဖြစ်ပါတယ်။ ပညာရှိ ဆိုတာ အမှန်တရားကို ရှာတယ်။ ပညာ ဘယ်လောက်ရှိသလဲ ဆိုတာ အမှန်တရား

ဘယ်လောက် သိထားသလဲ ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ အမှန်တရားကို သိဖို့ ခရစ်တော်နဲ့ အတူ လိုက်လျှောက်ပါ။ ။ **နီကိုဂျူး**

---




## သက်သေခံချက် F-Penny(mizo)

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ကြောင့် ကျမ စင်ကာပူကို ရောက်နေတာ ၂နှစ်ပြည့်ခဲ့ပါပြီ။ ဒီ၂နှစ် အတွင်းမှာ ဘုရားသခင်သာ မပါရှိခဲ့ရင် ဒီ၂နှစ်ဆိုတဲ့ နာရီပေါင်း များစွာ၊ မိနစ်ပေါင်းများစွာကို ကျမ ရဲ့.. ဉာဏ်အား ခွန်အားနဲ့ ဘယ်လိုမှ ဖြတ်ကျော်နိုင်မှာ မဟုတ်ပါဘူး။ နေ့ရက်ပေါင်းများစွာကို ကျော်လွှန် ဖြတ်သန်းချိန်မှာ ဘုရားသခင် မစခဲ့တဲ့အတွက် ကျေးဇူးတော်ချီးမွမ်းပါတယ်။ နေ့စဉ် ဖြတ်သန်းရတဲ့ ဘဝထဲမှာ စာတန် မာရ်နတ်ရဲ့ စုံစမ်းနှောက်ယှက်ခြင်းတွေထဲက ဘုရားသခင် ကယ်မခဲ့ပါတယ်။ ဝမ်းနည်းမှုအစား ပျော်ရွှင်မှု။ သိမ်ငယ်မှုအစား ရဲရင့်မှု။ တပ်မက်မှုအစား ရောင့်ရဲတင်းတိမ်မှု။ ကြမ်းတမ်းခြင်းအစား ပျော်ရွှင် ငြိမ်းချမ်း သာယာမှု တွေ ပေးခဲ့ပါတယ်။

လုပ်သက်၂နှစ် ပြည့်သွားပြီးချိန်မှာ သူငယ်ချင်းတွေက တစ်ချို့ သက်တမ်း ဆက် တိုးပြီး တစ်ချို့ကျတော့လဲ မိဘရင်ခွင်ပြန် ခိုဝင်သွားကြပါတယ်။ ကျမ ကိုလဲ သူငယ်ချင်းတွေက ဘာလုပ်မလဲလို့ မေးကြတဲ့အခါ။ ကျမ က အရာအားလုံးဘုရားလက်ထဲ အပ်ထားပါတယ်။ ဘုရားအလိုတော်အတိုင်းပါဘဲ။ အချိန်ကျရင် ဘုရား ပြင်ဆင်ပေးလိမ့်မယ်လို့ ပြန်ဖြေခဲ့ပါတယ်။ အရာအားလုံးကို ဘုရားလက်ထဲ အပ်နှံလိုက်တဲ့အခါမှာ ကျမ ရင်ထဲ လန်းဆန်း ပေါ့ပါးသွားပါတယ်။ ကျမရဲ့ မတည်ငြိမ်တဲ့ စိတ်တွေလဲ ငြိမ်းချမ်းသွားခဲ့ပါတယ်။ တစ်နေ့မှာ အိမ်ရှင်က နင့်ကို အိမ်ပြန်ဖို့ ခွင့်တစ်လ ပေးမယ်။ နင့် ပါတ်စ်ပို့ သက်တမ်း တိုးဖို့လဲ ရှိတယ် မဟုတ်လားလို့ ပြောလာပါတယ်။ ကျမ အခွန်ဆောင်ဖို့ ငွေမရှိတဲ့ အကြောင်း ပြောပြတော့ အိမ်ရှင်က ကျမ ရမဲ့ လစာ ကို ကြိုတင် ထုတ်ပေးပါတယ်။

ကျမ ပူပန်နေတဲ့ ကိစ္စတွေကို ဘုရားသခင်က ကြိုတင်ပြင်ဆင်ပြီး လမ်းဖွင့် ပေးထားခဲ့ပါတယ်။ ကျမ ရှေ့ဆက်ရမဲ့ ခရီးကို ဘုရားသခင်က ဆုံးဖြတ်ချက်ချပြီး လမ်းဖွင့် ပေးခဲ့ ပါတယ်။ အခုအချိန်မှာတော့ ကျမ ရွာပြန်ပြီး မိသားစုတွေနဲ့ တွေ့ဆုံဖို့အရေး တွေး ရင်း ပျော်ရွှင်နေမိပါတယ်။

ဆာလံ ၁၁၈း၈-၉ ထာဝရ ဘုရား၌ ခိုလှုံခြင်းသည် လူကို ကိုးစားခြင်းထက် သာ၍ ကောင်း၏။ ။ ။ F-Penny (mizo)

---

## ဖန်ဆင်းရှင်နဲ့ မိတ်ဆွေ ဘယ်လိုတော်စပ်သလဲ မာရာနသာနီနီခိုင်



အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်း တော်မူ၏။ က ၁း၁။

အစအဦး၌ နှုတ်ကပါတ်တော် ရှိ၏။ နှုတ်ကပါတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိ၏။ နှုတ်ကပါတ်တော်သည်လဲ ဘုရားသခင်ဖြစ်တော်မူ၏။ ယော၁း၁

ယနေ့ယုံကြည်သူများကို ဘုရားသခင်ရဲ့ နှုတ်ကပါတ် တော်အားဖြင့် စကားပြော နေခြင်း ဖြစ်ပါ၏။ နေ့စဉ် ကျမ်းစာ မဖတ်ပါက ဘုရားသခင်၏ စကားတော်သံကို ကြားနိုင်မည် မဟုတ်ပါ။ လူသား အားလုံးရဲ့ အဖေဟာ ဘုရားသခင်ဘဲ ဖြစ်ပါတယ်။ လု ၃း၂၃-၃၇။ ဘုရားသခင်ဟာ လူကိုဖန်ဆင်းထားရခြင်းဟာ သူနဲ့ မိတ်သဟာယ ဖွဲ့ဖို့ဘဲ ဖြစ်ပါတယ်။ အာဒံရဲ့ ဘုရားစကား နားမထောင်မှုကြောင့် ဘုရားနဲ့ လူ အဆက်ပြတ် သွားခဲ့ ရပါတယ်။ လူကို ဘုရားသခင်က မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့် တိုင်အောင် ချစ်တော်မူပါတယ်။ ယော ၃း၁၆။

ဘုရားသားတော် သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် ယုံကြည်သူများဟာ ဘုရားသား သမီး ပြန်ဖြစ်ခွင့်ရပြီး ဘုရားနဲ့ လူ မိတ်သဟာယ ဖွဲ့ခွင့် ရခဲ့ပါတယ်။ အဖေဖြစ်တဲ့ ဘုရားသခင်က ဘုရားသခင်၏ ဝိညာဉ်တော် ဆုံးမ ပဲ့ပြင် သမျှသော သူတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏ လို့ဆိုထားပါတယ်။ ရော ၈း၁၄။

ကျမတို့ဟာ ဘုရားသခင်ရဲ့ သားသမီး ဖြစ်လာတဲ့အတွက် ဘုရားက နေ့တိုင်း ဆုံးမ သွန်သင် နေမှာ ဖြစ်ပါတယ်။ ထာဝရဘုရားသည် ချစ်တော်မူသော သူကို ဆုံးမ သွန်သင် တတ်၏ သုတ္တံ ၃း၁၂။

ဟေရှာယ ၅၄း၅ သင့်ကို ဖန်ဆင်းတော်မူသော သူသည် သင်၏ လင် ဖြစ်တော်မူ၏။ နာမတော်မူကား ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရားတည်း။

ဟေရှာယ ၅၄း၇-၈ သင့်ကို ခနသာ ငါစွန့်သည် ဖြစ်၍ များစွာသော ဂရုဏာနှင့် တဖန် သိမ်းဆည်း ဦးမည်။ ပြင်းစွာသော အမျက်ထွက်၍ ခနမျှ ငါမျက်နှာ လွှဲသော်လည်း ထာဝရ မေတ္တာနှင့် သင့်ကို ကယ်မ သနားအုံးမည်ဟု ---ထာဝရ ဘုရား မိန့်တော်မူ၏။

ကိုယ့်အတွက် လိုအပ်တဲ့ ဆုတောင်းချက်တွေကို တောင်းတဲ့အခါမှာ ချက်ခြင်း ရတာတွေလဲ ရှိတယ်။ နောက်မှ ခနကြာပြီးမှ ရတာတွေလဲ ရှိတယ်။ လုံးဝ မရတာတွေလဲ ရှိပါတယ်။ ကိုယ့်နဲ့ မသင့်လို့၊ မတော်လို့၊ အချိန် မတန်သေးလို့ မရတာ ဖြစ်ပါတယ်။ အဲဒီလို မရ ရခြင်းဟာလဲ သင်ကောင်းဖို့ အတွက်ဘဲ ဖြစ်ပါတယ်။ ဥပမာ ရေးပြ ရရင် ချောင်းဆိုး နေတဲ့ ကလေးကို ဘယ်အဖေ ကမှ သကြားလုံး မကျွေးပါဘူး။ ချောင်းဆိုးပျောက်ဆေး ခါးခါးဘဲ တိုက်မှာပါ။ တစ်ခါတစ်လေ ကျမတို့ လိုချင်တဲ့ ကောင်းသောအရာ မရဘဲ ဆိုးသော အရာ ရတတ်ခြင်းဟာလဲ ဘုရားက ကျမတို့ ကောင်းဖို့ ဆေးကုပေးနေတာ ဖြစ်တယ်ဆိုတာ နားလည်ထားပါ။

ဟောရှေ ၂း၁၆ ထာဝရဘုရား မိန့်တော်မူသည်ကား ထိုကာလ၌ သင်သည် ငါ့ကို သခင် ဟူ၍ မခေါ်ရ။ ခင်ပွန်းဟူ၍ ခေါ်ရမည်။

ယုံကြည်သူများနှင့် ဘုရားသခင်ရဲ့ မိတ်သဟာယဖွဲ့မှုကို ကျမ်းစာ၌ ဘုရားသခင် ထမ်းပိုး တင်သော အရာကို လူ မခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏။ မ ၁၉း၆။

ဘုရားသခင်ကို ခင်ပွန်းသည်အဖြစ် ရင်းနှီး အားကိုးရသလို သားအဖ တော်စပ်ကာ အဘ အဖြစ် ခိုလှုံ၍ ရပြန်ပါတယ်။ သားဆိုသော အရိုက်အရာကိုလဲ ပေးထားပါတယ်။

ချစ်သော ယုံကြည်သူများကို ခင်ပွန်းကဲ့သို့ နေ့စဉ် ဘုရားရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး အုပ်စိုးမှုကို ဝန်ခံနိုင်ရန်အတွက် ရင်းနှီးကျွမ်းဝင်မှုကို အလိုရှိပါတယ်။ သား ဆိုတာ နာခံ ရပါတယ်။ အဖေ စိတ်ချမ်းသာအောင် ကြိုးစားနေပြ နာခံရမှာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင် ဘုရားနဲ့ မိမိရဲ့တော်စပ်မှုကို သိပြီး နာခံလိုက် လျှောက်နိုင်ကြပါစေ။ **မာရာနသာ နီနီခိုင်**

---



## သက်သေခံချက် နော်လွဲဖော

ကျမဟာ ဘဝအတွက် ရုန်းကန် လှုပ်ရှားနိုင်ဖို့ ကြိုးစားရင်း ဘွဲ့လက်မှတ် တစ်ခု မြန်မာပြည် မှာ ရခဲ့ပါတယ်။ ကွန်ပျူတာ သင်တန်းတက်ပြီးချိန်မှာ မိသားစုကို လုပ်ကျွေး ပြုစုနိုင်ဖို့ နိုင်ငံခြားလို့ လူပြောများနေတဲ့ စင်ကာပူနိုင်ငံကို ထွက်လာဖို့ ကျမ ပြင်ဆင် နေခဲ့ ပါတယ်။ အဆင်ပြေချင်တော့ ပွဲစားနဲ့ ဆက်သွယ်မိပြီး စင်ကာပူကို လာခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ လုပ်ရတဲ့ အလုပ်က စင်ကာပူ သူဌေးပိုင် လူအိုရုံတစ်ခုမှာ အထွေထွေ လုပ်သား ရာထူး ပါဘဲ။ လူအိုရုံဆိုတော့ လူနာ အဖိုးအဖွားတွေကို ပြုစု ဆေးတိုက် ဆေးထိုး ပေးရတဲ့ အလုပ်ပါ။ ဒါပေမဲ့ ကျမ ရထားတဲ့ ဘွဲ့က အင်္ဂလိပ်စာ မေဂျာ ဖြစ်ပြီး ကျမ သင်ထားတာက ကွန်ပျူတာ ပညာဆိုတော့ ခုတ်ရာ တခြား၊ ရှရာတခြား အဲဒီ လူအိုရုံမှာ ကျမ ဘာမှ မယ်မယ် ရရ မလုပ်တတ်ခဲ့၊ လက်စွမ်းပြခွင့် မရခဲ့ရှာပါဘူး။ ဆေးအကြောင်း နားမလည် သလို။ သူနာ ပြုစုဖို့ မပြင်ဆင်ထားခဲ့တဲ့အတွက် လူအိုရုံက အလုပ်ကြမ်းတွေဘဲ လုပ်ခဲ့ ရပါတယ်။ အဖိုးကြီး အဖွားကြီးတွေကို ရေချိုး။ အဆောင်သန့်ရှင်းရေး။ အဝတ်လျှော် စတဲ့ အလုပ် တွေလုပ်ရင်း နဖူးက ချွေး မြေခ မတတ် လုပ်ကိုင်ခဲ့ရသလို စည်းကမ်းကြီးလှတဲ့ သူဌေးနဲ့ လုံခြုံရေး စနစ်တွေကြောင့် အပြင်ကို လွတ်လွတ်လပ်လပ် ထွက်ခွင့် မရသလို။ ကျမကို လာတွေ့တဲ့ မိတ်ဆွေတွေကိုလဲ ကောင်းကောင်း မွန်မွန် ဧည့်ဝတ်ကျေပွန်စွာ ဧည့် မခံရဘဲ။ လူအိုရုံရှေ့ လုံခြုံရေး ဂိတ်နားမှာ မတ်တပ်ရပ် စကားပြောကာ ၆နာရီ ဒေါင်ကနဲ အထိုးမှာ ဧည့်ချိန်ပိတ်ပြီး လမ်းခွဲရပါတယ်။ ကျမတို့ ဝန်ထမ်းတွေ ကိုယ်တိုင်လဲ အပြင်ထွက်ခွင့် မရသလို နိုင်ခြားသား ကျမတို လူအိုရုံ ဝန်ထမ်းတွေကို လာတွေ့တဲ့ ဧည့်သည် မိတ်ဆွေတွေကိုလဲ လွတ်လွတ်လပ်လပ် တွေ့ခွင့်မရတော့ ဘဝဟာ ထောင်ကျ နေသလို ပါဘဲ။ တစ်လ တစ်ခါ အပြင်ထွက်ခွင့် ရတဲ့နေ့လေးတွေမှာ အတူတူ နားခွင့်ရတဲ့ လုပ်ဖော် ဆောင်ဘက် ဖိလစ်ပိုင်သူ (သို့) သီရိလင်္ကာနိုင်ငံသူ (သို့) မြန်မာနိုင်ငံသူ တွေကို မိတ်ဖွဲ့လို့ မသွားတတ် မလာတတ်တဲ့ ဘဝမို့ အပြင်သွားဖော်ရှာရပြန်ပါတယ်။ နားခွင့်ရတဲ့ ရက်က တနင်္ဂနွေနေ့ မဟုတ်ရင် ကိုယ်နဲ့ သိတဲ့ သူငယ်ချင်းတွေနဲ့ တွေ့ခွင့် မရပြန်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ တခြားသူငယ်ချင်းတွေက အလုပ်ရုံ စက်ရုံ ရုံးတွေမှာ လုပ်တဲ့ သူတွေမို့ တနင်္ဂနွေနေ့တွေဘဲ အားတတ်ကြပါတယ်။ သူတို့တွေ အားရက်မှာ ကိုယ် မအား။ ကိုယ်အားရက်မှာ သူတို့မအားနဲ့ စင်ကာပူဆိုတဲ့ ကျွန်းလေးမှာ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဖို့ခက် ဆုံဖို့ခက်ရင်း မိတ်ဆွေတွေနဲ့ ဆုံခွင့်မရ ဘုရားကျောင်းလဲ တက်ခွင့် မရ ပွဲတော်ဆိုတာ စားဖို့ ဝေးလာဝေး နေခဲ့ရတာပေါ့။

မျက်ရည်ကျ ဆုတောင်းရင်း သာ၍ကောင်းသော အလုပ်ထက် ကိုယ်တတ်တဲ့ ပညာနဲ့ သင့်တော်တဲ့ အလုပ်ရဖို့ ဘုရားပြင်ဆင်ပေးမဲ့နေ့ကို စောင့်နေခဲ့မိပါတယ်။ လုပ်သက် သက်တမ်း ၄နှစ်ပြည့်ချိန်မှာ မြန်မာပြည်ကို ပြန်ခဲ့ပြီး အလုပ်သစ် ရှာနေချိန်မှာ မမျှော် လင့်ဘဲ ဘုရားသခင်ပြင်ဆင်ပေးလို့ ကိုယ်တတ်ထားတဲ့ ပညာနဲ့ သင့်တော်တဲ့ အလုပ်ကို S-pass နဲ့ လုပ်ခွင့်ရခဲ့ပါတယ်။ ကွန်ပျူတာနဲ့ ပါတ်သက်တဲ့ ရုံးလုပ်ငန်းကို လုပ်ကိုင်ဖို့ ပြင်ဆင်လမ်းဖွင့် ကောင်းကြီးပေးခဲ့တဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း ပါတယ်။ ဘုရားသခင်သည် အချိန်တန်သောအခါမှာ ထိုက်တန် သင့်လျော်သော ကောင်း ကြီးကို ချပေးသနားတော်မူတဲ့အကြောင်း သက်သေခံရေးသားလိုက်ပါတယ်။ ။**နော်လွဲဖော**

---



## သူတော်ကောင်း၏ဆုတောင်းမှု Samuel Soe Lwin

*"သို့ဖြစ်၍ သင်တို့အချင်းချင်း မိမိတို့၏အပြစ်များကို ဖော်ပြဝန်ခံ၍ အချင်းချင်းအတွက် ဆုတောင်း သဖြင့် သင်တို့၏ရောဂါများပျောက်ကင်းလိမ့်မည်။ သူတော်ကောင်း၏ ဆုတောင်းပဌနာ အလွန်တန်ခိုးပါ၏။ ဧလိယသည် ငါတို့နည်း တူ*

*သာမန် လူသားဖြစ်ပေသည်။ သူသည် မိုးမရွာစေရန် စိတ်အားထက်သန်စွာ ဆုတောင်းသောအခါ ကမ္ဘာမြေပေါ်သို့ သုံးနှစ်နှင့်ခြောက်လတိုင်တိုင် မိုးမရွာဘဲနေ၏။ နောက်တဖန် ဧလိယဆုတောင်းသောအခါ ကောင်းကင်မှမိုးများရွာချလာ သဖြင့် မြေဆီလွှာသည် အသီးအနှံများကို ဖြစ်ထွန်းစေ၏။ (ယာ ၅း၁၆-၁၈)"*

## ၁။ ကျန်းမာခြင်းအတွက်ဆုတောင်းခြင်း။

ကျွန်ုပ်တို့အသက်တာကို ပြန်လည်သုံးသပ်ကြည့်လျှင် ဒုက္ခအလယ်၌ ဆုတောင်း ခဲ့ချိန်နှင့် ရရှိသော အဖြေများအနက် ကျေးဇူးတော်ချီးမွမ်းသောအချိန် ဟူ၍ တွေ့ရသည်။ တဖန်နာမကျန်းသော မိတ်ဆွေများ အတွက် အတူတကွ ဆုတောင်းကြသည့်နည်းတူ မျှော်လင့်ချက်မဲ့သောအခြေမှ ကျန်းမာသူများအတွက် ကျေးဇူးတော်ချီးမွမ်းသည့်အချိန်လည်းရှိခဲ့သည်။

ဟေဗြဲ ၁၁ တွင် ကျွန်ုပ်တို့သတိပေးထားသည်မှာ *"ယုံကြည်ခြင်းသည် မျှော်လင့်သော အရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မဖြစ်သေးသောအရာတို့ကို သိမှတ် စွဲလန်းခြင်းအကြောင်းဖြစ်၏။ တဖန် ယုံကြည်ခြင်း မရှိလျှင် ဘုရားသခင် ၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုငင်း၊ ကိုယ်တော်ကိုရှာသောသူကား အကျိုးပေးတော်မူသည်ကိုငင်း ယုံကြည်ရမည်"* (ဟေဗြဲ ၁၁း၆) ဟူ၍ဖြစ်သည်။

ယုံကြည်ခြင်းကို ကွဲပြားပြဆိုရာတွင် "ဇာတိယုံကြည်ခြင်းနှင့်ဝိညာဉ် ယုံကြည်ခြင်း" ဟူ၍နှစ်မျိုးတွေ့ရပြီး၊ ဇာတိယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့တွေးခေါ်ချက် နှင့်ကိုက်ညီ နေသရွေ့ဘုရားစကားကို ကျွန်ုပ်တို့ယုံကြည်နိုင်သည်။ ထိုယုံကြည်ခြင်း ကားဘဝ အသက်တာတွင် ပြောင်းလဲလာစေရန် အစွမ်းသတ္တိမရှိ။ အခြားဘက်မှ ကြည့်လျှင် "ဝိညာဉ် ယုံကြည်ခြင်း" သည်ကားကျွန်ုပ်တို့၏အတွေးအခေါ်အယူ အဆတို့နှင့် မကိုက်ညီ သော်လည်း နှုတ်ကပတ်တော်တရားစကားနှင့် ဘုရားသခင်၏ တန်ခိုးကို ယုံကြည် ခြင်းဖြင့် ကျွန်ုပ်တို့အသက်တာတွင် အံ့သြဖွယ်ရာ တန်ခိုးနိမိတ်လက္ခဏာများကို ဒိဋ္ဌ ကိုယ်တွေ့ခံစားကာ ယုံကြည်သူတိုင်းအတွက်အရာရာသည် ဖြစ် နိုင်ချေရှိလာပါသည်။

ထို့ကြောင့်လည်း ခရစ်တော်ဘုရားက *"ယုံကြည်သောသူတို့၌ ဖြစ်အံ့သော နိမိတ် လက္ခဏာဟူမူကား၊ ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကို နှင့်ထုတ်ပေး ကြလတ့ံ၊ ထူးခြား သောဘာသာစကားမျိုးတို့ကို ပြောကြလတ့ံ။ မြွေတို့ကို ကိုင်ဖမ်း ကြလတ့ံ၊ ဗသစေ တတ်သောအဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပါဒ်နှင့် ကင်းလွတ်ကြလတ့ံ၊ မကျန်းမမာသောသူတို့အပေါ်မှာ ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်"* (မာကု ၉း၂၃) ဟုမိန့်တော်မူခဲ့သည်။ တဖန်ထို့ကြောင့် ငါဆိုသည်ကား သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သော စိတ်နှင့် တောင်းသမျှ တို့ကို ရကြလိမ့်မည်" (မာကု ၁၁း၂၄) ဆိုသည်။

ဝိညာဉ်ရေးနှင့်ဆိုင်သော ယုံကြည်ခြင်းကိုပိုင်ဆိုင်၍ တန်ခိုးတော်ကို ခံစားရန် အဘယ်သို့နည်း။ အရာရာထက်ဦးစွာ ကျွန်ုပ်တို့သတိရသင့်သည်ကား *"ထိုလက်နက်အားဖြင့်၊ လူတို့၏ အကြံအစည်တို့ကိုငင်း၊ ဘုရားသခင်ကို သိသောပညာကို ဆီးတားသော မာန်မာနတို့ကိုလည်းကောင်း၊ နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသော စိတ်တို့ကို ဖမ်းသွားချုပ်ထားလျက် ခရစ်တော်၏စကားကို နားထောင်စေကြ၏"* (၂ကော ၁၀း၅) ဆိုသော ရှင်ပေါလု၏စကားပင်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ် တို့၏ သမ္မာတရားနှင့်ဆိုင်သော အသိတရားအလင်းသည် ထင်ရှားစေပြီ။ သို့သော် ကျွန်ုပ်တို့၏ အသိပညာ၊ အတတ်ပညာအားလုံးကို ခဝါချပြီးအထံတော်တွင်နှိမ့်ချ ၍ နှုတ်ကပတ်တော်နှင့်အညီ အသက်ရှင်ရမည်။ ကျွန်ုပ်တို့၏ဇာတိအရာများကို ခဝါချသည်နှင့်အမျှ ကျွန်ုပ်တို့ စိတ်ဝိညာဉ်သည် ကြီးထွားရှင်သန်လာကာ ဝိညာဉ် ရေးနှင့်ဆိုင်သောယုံကြည်ခြင်းကို ပိုင်ဆိုင်ရပေ လိမ့်မည်။

ဝိညာဉ်ရေးယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်ပေးသနားသော ယုံကြည်ခြင်း၏ အတိုင်း အတာတစ်ခုပင်ဖြစ်သည်။ (ရော ၁၂း၃) နှုတ်ကပါတ် တော်တရားကိုကြားနာရာမှ ခရစ်တော်အား မိမိ၏ အသက်သခင်အဖြစ်ကိုးကွယ် ချိန်တွင် ယုံကြည်ခြင်းသည် မုံညှင်းစေ့ပမာဖြစ်သည်။ ကျွန်ုပ်တို့ဘုရားကျောင်းကန် သွားခြင်း၊ ကြားနာခြင်း၊ လိုက်လျှောက်ခြင်း၊ ပြုလာသည့်နှင့်အမျှကြီးထွားကာ သန့်ရှင်းသူများ ဖြစ်လာကြခြင်းပင် ဖြစ်သည်။ ထိုမျှမက ယုံကြည်ခြင်းကြီးထွားလာ သည်နှင့်အမျှ ယုံကြည်သူတို့မှာ ဖြစ်လတ့ံသော နိမိတ်လက္ခဏာ တို့သည် ကျွန်ုပ်တို့ အသက်တာ၌ ဝိုင်းရံကာ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေသည်။

နာမကျန်းသောသူတို့အတွက် ဆုတောင်းခြင်းပြုရာတွင် ထိုယုံကြည်ခြင်း မျိုးဖြင့် ဆုတောင်းသမှု ဖြစ်ရမည်။ မဿဲ ၈း၅-၁၃ တွင် တွေ့ရသောတပ်မှူးတွင် ခြေလက် သေနေသောငယ်သားအတွက် ခရစ်တော် ဘုရားထံ ရောက်လာသော အခိုက် သူ၏ ယုံကြည်ခြင်းနှင့်အညီ ထိုအခိုက်တွင်ပင် ခရစ်တော်၏စကားအတိုင်း ငယ်သားသည် ကျန်းမာခဲ့သည်။

ထို့ကြောင့်ကျွန်ုပ်တို့သည် နာမကျန်းသောသူအတွက် ဆုတောင်း ပေးသောအခါ သံသယ မရှိ၊ ရင်ထဲမှာ နှုတ်ကပါတ်တော်အတိုင်း တောင်းဆု ပြုရမည်။ *"တောင်းလျှင် ရမည်၊ သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သော စိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသောသူသည်ကား၊ လေခတ်၍ လှုပ်ရှားတတ်သော လှိုင်းတံပိုးနှင့် တူ၏။ ထိုသို့သောသူသည် စိတ်နှစ်ခုရှိသောသူ ပြုလေသမျှတို့၌ မတည်ကြည်သော သူဖြစ်၍ ထာဝရဘုရားသခင်၏ လက်တော်မှတစုံတခုကို ရမည်ဟု မထင်မမှတ်စေနှင့်"* (ယာကုပ် ၁း၆-၇)။

ခိုင်ခန့်၊ တည်ကြည်သောယုံကြည်ခြင်းမျိုးတွင် မေတ္တာတရားဖြင့် နာမ ကျန်းသူများအတွက် ဆုတောင်းပေးခြင်းကို ဘုရားသခင်သည် နှစ်သက်အားရတော် မူပြီး ဘုရားသခင်က ကြီးမားသောအမှုကို ပြုတော်မူသည်။ နာမကျန်းခြင်းသည် အပြစ်အကျိုးဆက်ဖြစ်ပြီး ဘုရားရှင်သည် အနာရောဂါကို ငြိမ်းစေသော အရှင်ဖြစ်သည် (ထွက် ၁၅း၂၆) အားလျော်စွာ အချင်းချင်းပြစ်မှားမိသောအရာများအတွက် ဝန်ချတောင်းပန် ပါက ဘုရားသခင်ထံမှ အပြစ်လွတ်ခြင်းနှင့်အတူကျန်းမာခြင်းကို ပေးတော်မူသည်။

မေတ္တာတရားကိုအရင်းခံ၊ ယုံကြည်ခြင်းဖြင့်ဆုတောင်းသောအခါတွင် ဘုရားသခင်၏ တန်ခိုးတော်သည် ထင်ရှားပြီးဘုန်းတော်ထင်ရှားလာခြင်းကို ကျွန်ုပ်တို့၏ ဒိဋ္ဌကိုယ်တွေ့ ခံစားလာကြရမည်ဖြစ်သည်။

## ၂။ တန်ခိုးပါသောသူတော်ကောင်းဆုတောင်းခြင်း။

မာရီးယန်ဝဘ်စတာအဘိဓါန်အရ သူတော်ကောင်းဟူသည် "ဘုရားသခင်၏ သမ္မာ တရားနှင့် အသက်ရှင်၍ အပြစ်တင်ခွင့်ကင်းသောသူ"ဟူ၍ တွေ့ရပါသည်။ သို့သော် ရောမ ၃း၁၀ တွင် *"ဖြောင့်မတ်သော သူမရှိ၊ တစ်ယောက်မျှမရှိ"* *"အကြောင်းမူကား တရားနာသောသူသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သည်မ ဟုတ်။ တရားကိုကျင့်သောသူသာလျှင် ဖြောင့်မတ်ရာသို့ ရောက်လိမ့်မည်"* (ရော ၂း၁၃) နှင့် *"ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့် ပညတ်တရား၏ အကျင့်အားဖြင့် ဘုရားသခင် ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်ရာ"* (ရော ၃း၂၀) ဟူ၍ တွေ့ကြရသည်။

အပြစ်တရားသည် ကနဦး၊ ဖန်ဆင်းခံအာဒံအားဖြင့် ဤလောကသို့ ဝင်ရောက် လာသောကြောင့် လူသားမျိုးနွယ် အားလုံးအပြစ်တရားအတိုင်း စီရင်ခြင်းသို့ ရောက်ကြရသည်။ (ရောမ ၅း၁၂၊ ၁၈) အပြစ် ရှိသောကြောင့် လူတိုင်း ဘုရားသခင် ရှေ့တော်တွင် အသရေပျက်ကြရသည်ကား လူမျိုးစုတစ်ဆက် နှင့်တစ်ဆက် ကြားတွင် ပြောင်းလဲခြင်းရှိသောကြောင့် စစ်မှန်သောဖြောင့်မတ် ခြင်း၏စံမမည်နိုင်။ ဘုရားသခင်၏ စံနှုန်းကားပြောင်းလဲခြင်းကင်းလွတ်သောကြောင့် မှန်သောစံနှုန်းမည်၏ (ရော ၃း၂၁-၂၃)။

ထို့ကြောင့်လည်း *"လူမည်သည်ကား ပညတ်တရား၏အကျင့်မရှိဘဲ ယုံကြည်ခြင်း အားဖြင့် ဖြောင့်မတ်ရာ သို့ရောက်တတ်သည်။"* (ရော ၃း၂၈) ဟုဆိုသောကြောင့် ယုံကြည်ခြင်းအားဖြင့် ပညတ်တရားကို ပယ်သည် မဟုတ် သာ၍ တည်စေခြင်းပင်ဖြစ်သည်။ (ရော ၃း၃၁)

ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်လျှင် အပြစ်မှ သီးသန့်ခွဲခြားထားသော သူများဖြစ်ပြီး စင်ကြယ်သောအသီးအပွင့်များနှင့်အတူ ဘုရားရှင်ထံခစား ဝင်သောသူများဖြစ်ကြသည်။ ဘုရားသခင်၏ အလိုတော်နှင့်မညီသော မုသားတရား ဇာတိအသက်တာကို ဖယ်ခွာ၍ နှုတ်တော်ထွက်စကားတော်၌ ကျင်လည်ကြရမည်။

နေ့ညမပြတ် နှုတ်ကပတ်တော်နှင့် မွေ့လျော်၍ လက်တွေ့အသက်ရှင် သောယုံကြည်သူများအား ဘုရားသခင်ကိုယ်တော်တိုင်က "ဖြောင့်မတ်သူ" ဟု အသိ အမှတ်ပြုကာ ဆုတောင်းရာတွင် နားညောင်း အဖြေပေးဘုန်းတော်ထင်ရှားစေသည်။ ဘုရားကျောင်းကန် တက်သော်လည်း ညီအစ်ကိုချင်းမသင့်မမြတ်၊ နာခံ ခြင်းမရှိ ဒုစရိုက်ကိုပြုလျက် ဘုရားသခင်နှင့် သူ့အကြားအပြစ်တံတိုင်းကို တည်ဆောက် နေသူ၏ ဆုတောင်းခြင်း အား ဘုရားသခင် မည်သို့နားညောင်းပါအံ့နည်း။

အလိုတော်နှင့်အညီ အသက်ရှင်ကာ မေတ္တာကိုရှေ့ထား၍ နာခံသောသူ၏ ဆု တောင်းခြင်းကို ဘုရားသခင်က ဖြောင့်မတ်သောသူ၏ ဆုတောင်းခြင်းဟု သိမှတ်ပြုလျက် တန်ခိုးအစွမ်းနှင့်ပြည့်စုံရန် ခွန်အားကို ပေးတော်မူသည်။

ရှင်လုကာ ၁၈း၁-၁၈ တွင် ဖွဲမလျော့သောမုဆိုးမ၏ အသက်တာကို တွေ့ရသည်။ လူကိုလည်းအားမနာ ဘုရားသခင်ကိုလည်း မကြောက်တဲ့ရှေ့နေကြီးထံ အခက်အခဲကို ဖြေရှင်းပေးရန်လာသောသူဖြစ်သည်။ ဘုရားသခင်ကို မကြောက် လူကိုအားမနာ တတ်ငြားလည်း အဆုံးတွင်မုဆိုးမပြဿနာကို ကူညီပေးခဲ့သည်။ တရားသူကြီးဆိုသည်စကားမှာ "ငါသည် ဘုရားသခင်ကို မကြောက်ရွံ့၊ လူကို အားမနာတတ်သောသူ ဖြစ်သော်လည်း၊ ဤမုဆိုးမသည် ငါ့ကို နှောင့်ယှက်သောကြောင့် သူ့ဘက်၌ တရားစီရင်မည်။သို့မဟုတ် အစဉ်လာ၍ ငါ့ကို ပင်ပန်းစေ တော်မူမည်" (လု ၁၈း၈) ဟူ၍ ဖြစ်သည်။

တဖန် "မတရားသော ထိုတရားသူကြီး၏အကြံကို သိမှတ်လော့၊ ဘုရားသခင် ရွေးကောက် တော်မူသော သူတို့သည် နေ့ညဥ့်မပြတ်အော်ဟစ်၍ တောင်းလျှောက် လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲ နေတော်မူမည်လော၊ ကြာမြင့်စွာသည်ခံတော်မူမည်လော့" (လု ၁၈း၇-၈) ဟူ၍ မိန့်တော်မူသည်။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၃။ နိုဝင်ဘာလ ၂၀၁၁ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကျွန်ုပ်တို့အနီးတွင် မိမိကိုယ်ကိုမိမိ ယုံကြည်သူ ဘုရားသားသမီးဟုဆို၍ နေ့ညဉ့် အစာရှောင် ဆုတောင်းခြင်း ပြုကြသော်လည်း အဖြေ မရသူများကို တွေ့ရပေမည်။ ထိုသူတို့၏အခြေအနေမှန်မှာ ဘုရားသခင်၏ အမြင်၌ ဖြောင့်မတ်သောသူများ မဟုတ်သေးသည်ကို သတိပြုရန်ဖြစ်သည်။

ဖိ ၄း၆-၇ တွင် မိန့်တော်မူသည်ကား "*အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော် ချီးမွမ်း ခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့ တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင် အား ကြားလျှောက်ကြ လော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်း သည် ယေရှု ခရစ်အားဖြင့် သင်တို့စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။*" ဘုရားသခင်၏ ရှေ့တော်တွင် အဘယ်မျှသော ဖြောင့်မတ်သူဖြစ်ခြင်း၊ မေတ္တာတရားရှေ့ထား၍ ယုံကြည် စွာ ဆုတောင်းခြင်းတို့နှင့်အညီ ရရှိသောအဖြေတို့သည် ထပ်တူထပ်မျှ ပင်ဖြစ်သည်။ ဖြောင့်မတ်သော အသက်တာစံနှုန်းနှင့်ညီလာသည်နှင့်အမျှ ဆုတောင်းခြင်း၏ အဖြေကို ထပ်တူထပ်မျှခံစားကာ ဘုရားသခင်ဘုန်းတော်ကိုလည်း ထင်ရှား စေသည်။ ထို့ကြောင့် မိမိအသက်တာနှင့်ဘုရားအကြား ခြားနားစေသောအပြစ်တံတိုင်းကို ချိုးဖျက်ခြင်းသည် လွန်စွာအရေးပါလှပြီး ဘုရားသခင် မျက်မှောက်တွင် ဖြောင့်မတ်သူ ဟူသောစံနှင့်မေတ္တာကိုရှေ့ကထားလျက် ယုံကြည်စွာ ဆုတောင်းရမည်တို့မှာလည်း လွန်စွာအရေးပါသောအခန်းကဏ္ဍတွင် ရှိသည်။

**၃။ ဆုကျေးဇူးနှင့်အစွမ်းတန်ခိုး။**



ဆုကျေးဇူးသည် ဘုရားသခင်၏ မေတ္တာတော်နှင့်အညီ လူတိုင်း ကိုပေးသ နားတော်မူသော ကျေးဇူးတရား သက်သက်ပင်ဖြစ်သည်။ ဆုတောင်းလာသည်နှင့်အမျှ သာ၍ ဆန္ဒတိုးပွားကာ အထံတော်တွင် ဆုကျေးဇူးများကိုသာ၍ တောင်းခံလိုသည်။ အချိန်တိုင်း၌ မိမိဆန္ဒကိုရှေ့တန်းတင်ကာ တောင်းလျှောက် လိုကောင်း တောင်းလျှောက် လိုပေမည်။ ဘုရားသခင်၏မျက်မှောက်တွင် မှန်သောအရာမဟုတ်၊ ပျက်စီးခြင်း သို့သာ ရောက်စေသည့်အရာဖြစ်သောကြောင့် သမ္မာသတိဖြင့် သတိပြု သင့်သည်။

တမန်တော် ၈ တွင် ရှိမုန်အမည်ရှိသော နတ်ဝိဇ္ဇာသည် ဖိလပုထံတွင် တရားကို ကြားနာရပြီးနောက်တွင် လိုက်ပါကာ တန်ခိုး၊ နိမိတ်လက္ခဏာအံ့ဩ ဖွယ်ကို မြင်တွေ့ရသည်။ (တ ၈း၉-၁၃) ယောဟန်နှင့် ပေတရုတို့ လက်တင် ဆုတောင်းသောအခါ ဝိညာဉ်တော်ဆင်းသက်သည်ကို မြင်တွေ့ရသဖြင့် "အ ကျွန်ုပ်၏ လက်တင်ခြင်းကို ခံရသောသူသည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံစေမည့်အကြောင်း အကျွန်ုပ်ကို အခွင့်ပေးပါ" ဟု ငွေကိုပေးကာ တောင်းဆိုခဲ့သည်။ (တမန် ၈း၁၇-၁၉) သူ၏ စကားအား ပေတရုမှ "*ဘုရားသခင်၏ကျေးဇူးတော်ကို ငွေနှင့်ဝယ်ယူမည်ဟု အကြံ ရှိသောကြောင့် သင်နှင့်တကွ သင်၏ငွေသည် ပျက်စီး ခြင်းသို့ ရောက်ပါစေ။ သင်သည် ဤအမှုအရာနှင့် မဆက်ဆံသောသူဖြစ်၏။ အကြောင်းမူကား သင်၏ စိတ်နှလုံးသည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ် ခြင်းမရှိ၊ ထို့ကြောင့် သင်၌ ယခုဆိုးညစ်သောအမှုကို နောင်တရလော့။ သင်၏ စိတ်နှလုံး၌ကြံစည်ခြင်းအပြစ်ကို လွတ်ကောင်းလွတ်လိမ့်မည်ဖြစ်၍ ဘုရား သခင်ကို တောင်းပန်လော့။ သင်သည် ခါးလှစွာသော သည်းခြေစွဲသည်ဖြစ်၍ ဒုစရိုက်အနှောင်အဖွဲ့နှင့်မလွတ်ကြောင်းကို ငါသိမြင်သည်*" (တမန်တော် ၈း၂၀-၂၃) ဟု ပြန်၍ဆုံးမခဲ့သည်။

ဆုကျေးဇူးဟူသည် ဘုရားသခင်ကိုဖော်ကျူး၍ လူအပေါင်းတို့အား ကယ်တင်ခြင်းသို့ ရောက်စေသည် ဖြစ်သောကြောင့် ထိုသူတို့သည် ဝိညာဉ်တော်၏လမ်းပြမှုအောက်တွင်လုပ်ဆောင်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဆုကျေးဇူးကိုမတောင်းလျှောက်မီ ဦးစွာမျက်မှောက်တော်၌ဖြောင့်မတ်သောသူဖြစ်ရန်လိုအပ်သည်။

ကျွန်ုပ်တို့ စိတ်ဝိညာဉ်သည် ကြီးထွားလာပြီး ဘုရားသခင်၏တန်ဆာပလာများ ဖြစ်လာသောအခါ ဘုရားသခင်က သူ၏အလိုတော်နှင့်အညီ ဝိညာဉ်တော်၏ လမ်းပြမှု အောက်၌ဆုကျေးဇူးကို တောင်းလျှောက် စေရန် အခွင့်ပေးကာ တောင်းသောဆုကိုလည်း နားညောင်းအဖြေပေးတော်မူမည်။

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းဖခင်တို့သည် ယုံကြည်ခြင်းအပေါ်တွင် ဘုရားသခင်က အကြံအစည်တော်နှင် အညီ အသုံးပြုသွားသည်ကို ကျွန်ုပ်တို့အားလုံးသိကြသည်။ အချို့က ဘုရားသခင်ဘုန်းတော်ကို အံ့ဩဘွယ် ထင်ရှားစေပြီး အချို့ ဘုန်းတော် ထင်ရှားခြင်းမရှိဘဲ ပရောဖက်ပြုခဲ့ကြသလို အချို့ကား သွန်သင်မြဲသွန်သင်နေခဲ့ကြသည်။ ယုံကြည်ခြင်းနှင့်မေတ္တာတရားကို ခံစားလာသည်နှင့်အမျှ ဘုရားသခင်သည် ကြီးစွာသော ယုံကြည်ခြင်းကို ပေးတော်မူပြီး အံ့ဖွယ်တန်ခိုး နိမိတ်လက္ခဏာများကို ပြုစေတော်မူသည်။

ဖါရော အိမ်ရှေ့မင်းသားဘဝ၌ မောရှေသည် စိတ်လျင်မြန်သူဖြစ်သဖြင့် ဣသရေလ အမျိုးသား အပေါ်အနိုင်ကျင့်သောသူကို အလျင်အမြန်သတ်ပစ်လိုက်သည်။ (ထွက် ၂း၁၂) ဘုရားသခင်၏ သွန်သင်မှုပေါင်းများစွာကို ခံယူပြီးနောက် ကမ္ဘာပေါ်တွင် အနိမ့်ချဆုံးသောသူဖြစ်လာသည်။ တဖန် အကြီးမား ဆုံးသော ယုံကြည်ခြင်းကို ပိုင်ဆိုင်သူဖြစ်၍ ဣသရေလလူမျိုးတော်များအား အဲဂုတ္တုပြည်မှ အံ့ဩဘွယ်ရာ တန်ခိုးနိမိတ်လက္ခဏာအသွယ်သွယ်ဖြင့် ခေါ်ထုတ်ခဲ့သည်။ (တော ၁၂း၃)

ပရောဖက်ဧလိယ၏ ဆုတောင်းခြင်းကိုလည်း ကျွန်ုပ်တို့သိကြသည် "*ဧလိယသည် ငါတို့ကဲ့သို့ လောကဓံ တရား၌ ကျင်လည်သောသူဖြစ်သော်လည်း မိုးမရွာမည့် အကြောင်း အထူးသဖြင့် ဆုတောင်းသော အခါ သုံးနှစ်နှင့်ခြောက်လပတ်လုံး မြေပေါ်သို့ မိုးမရွာဘဲနေ၏။ တဖန်ဆုတောင်းသောအခါ မိုးကောင်းကင်သည် မိုးရွာစေ၏။ မြေကြီးသည်လည်း မိမိအသီးကိုသီးလေ၏*" (ယာ ၅း၁၇-၁၈)။

သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏ဟု သမ္မာကျမ်းစာကို ကျွန်ုပ်တို့ဖတ်မိကြသည်။ သူတော်ကောင်း (ဖြောင့် မတ်သူ) ၏ခွန်အားနှင့်တန်ခိုးတို့သည် ကွဲပြားကြသည်။ နာရီပေါင်းများစွာ ဆုတောင်းလည်း အချို့မှာ အဖြေကိုမရရှိကြ၊ တဖန်ကြီးစွာသောဆုတောင်းခြင်းမှ အဖြေနှင့် ဘုန်းတော်ကိုထင်ရှားစေသည်ကိုလည်းရှိသည်။ ယုံကြည်ခြင်း၊ မေတ္တာ တရားဖြင့် စွန့်လျက် အနစ်နာခံသူတို့၏ အသက်တာကို ဘုရားသခင် အားရနှစ်သက် တော်မူပြီး နိမိတ်လက္ခဏာများကို ဖြစ်စေ၍ ဘုန်းတော် ထင်ရှားစေသည်။

အစအဦး၌ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူ (သူတော်ကောင်း) မဟုတ်သော်လည်း ခရစ်တော် ဘုရားအား ကိုးစားယုံကြည်ပြီးနောက် ဖြောင့်မတ်သောသူ (သူတော်ကောင်း) ဖြစ်လာသည်။ နှုတ်ကပတ်တော် တရားကို ကြားနာခံယူ၍မသမာသောဇာတိသဘောကို ဖယ်ခွာလာသည်နှင့်အမျှ ကျွန်ုပ်တို့စိတ်ဝိညာဉ်သည် ကြီးထွားလျက် ဖြောင့်မတ်သော (သူတော်ကောင်း) ဘဝကို ရရှိလာလေဖြစ်သည်။ တမန်တော်ရှင်ပေါလုကဲ့သို့ "ငါသည် နေ့တိုင်းအသေခံရ၏" (၁ကော ၁၅း၃၁) ဟူသော ဝန်ခံချက်နှင့်အညီ နေ့စဉ်အလင်းတရား၌ ကျင်လည်လာသည်နှင့်အမျှ သာ၍ဖြောင့်မတ်သောသူအဖြစ်သို့ ရောက်ရှိမည်။

အယောက်တိုင်း မိမိ၏အတိတ်ကာလမှ ယနေ့အချိန်ထိ ဘုရားရှင်နှင့် ကျွန်ုပ်တို့အကြားထံတိုင်းကို တည်ဆောက်နေခြင်းလား (သို့) နှောင့်နှေးခြင်းမရှိ ဖြိုဖျက်သူလားဆိုသည်ကို ဆင်ခြင်သိမှတ်ရန် တောင်းဆို ပါရစေ။

အယောက်တိုင်း ဖြောင့်မတ်သောသူ (သူတော်ကောင်း) ကဲ့သို့ မေတ္တာတရား ၌ စွန့်လွှတ် အနစ်နာခံခြင်း၊ ယုံကြည်ခြင်းဖြင့်နာခံ၍ ပြုလေသမျှတို့၌ ကောင်းကြီး မင်္ဂလာကို ကြွယ်ဝစွာခံစားပြီး မဆိုင်းမတွ ဘုရားသခင် ဘုန်းတော် ထင်ရှား စေသူများ ဖြစ်ဖို့ သခင်ယေရှုခရစ်နာမဖြင့် ကျွန်ုပ်ဆုတောင်းပါ၏။ **ဆယ်မြူရာယ်စိုးလွင်** ဝန်ခံချက်။ ။ Dr. Jaerock Lee ၏ Keeping watch and pray! အားမြန်မာမှုပြုပါသည်။

---

**အတွေ့အကြုံ** မင်းအောင်သက်လွင်

သူနာပြု ကျောင်းဆင်းကာစ၊ လူငယ်လေး တစ်သိုက် ကျွန်တော့် ယောက္ခမ အိမ်ကို ရောက်လာ ပါတယ်။ ကျွန်တော်လဲ စင်ကာပူကနေ အင်းစိန် အိမ်ကို ခနအလည် ပြန်လာခိုက်၊ အဝေရာ လမ်းက ယောက္ခထီး အိမ် မှာ မိန်းမနဲ့ ကလေးကို လာပြန်ခေါ်နေတုံး လူငယ်လေး တွေနဲ့ ယောက္ခထီးတို့ ပြောနေ တဲ့ စကားကို မသိမသာ အကဲခတ်ရင်း ခိုးပြီး နားထောင် နေ လိုက် ပါတယ်။ သူတို့ ကျောင်း အောင် လက်မှတ် လေးတွေ အတွက် ကွန်ပျူတာ စာလာစီရင်း အလုပ် လျှောက်ဖို့ ကိုယ်ရေး ရာဇဝင်တွေ ရေးနေကြပါတယ်။



သူတို့ရဲ့ ကိုယ်ရေး ရာဇဝင် ထဲမှာ သူတို့ လုပ်ခဲ့ ဖူးတဲ့ အတွေ့အကြုံတွေကို ရေးကြပါတယ်။ ဘာလုပ်ခဲ့ဖူးတယ်။ ညာ လုပ်ခဲ့ဖူးတယ်ပေါ့။ တစ်ချို့က တကယ် မလုပ်ခဲ့ ဘဲနဲ့ လုပ်တယ် လို့ ညာရေးသလို။ တစ်ချို့ကျပြန် တော့လဲ နဲနဲပါးပါးဘဲ လုပ်တတ်တာကို များများ လုပ်တတ်သယောင် ရေးကြ ပါတယ်။ အဲဒီ အချိန်မှာ သူတို့ရဲ့ ဆရာ ဖြစ်တဲ့ ကျွန်တော့် ယောက္ခထီးက သူ့ရဲ့ လုပ်သက် အတွေ့အကြုံတွေကို ကျောင်းသားလေးတွေ ဗဟုသုတ ရအောင် ပြောပြရင်း " ငါ ငယ်ငယ် မင်းတို့ အရွယ်တုံးက အိမ်သာ ဆေးခဲ့ဖူးတယ်ကွ။ ငါ အလုပ်လျှောက်တော့ ငါ့သူဌေးကို ကျွန်တော် အိမ်သာ ဆေးခဲ့ဖူးတယ်လို့ ပြောပြဖူးတယ် " လို့ ပြောတဲ့ စကားကို ကြားတော့ ဖတ်လက်စ သတင်းစာကို ကျွန်တော် အောက်ချပြီး လှည့်အကြည့်မှာ ပြုံးရွှင်စွာ ပြောနေတဲ့ အသက် ၈၀ကျော် ယောက္ခထီးအိုရဲ့ အားမာန်နဲ့ ရိုးသားကြိုးစား မှုကို တွေ့လိုက်ရပါတယ်။

ကျွန်တော်လဲ အိမ်သာ ဆေးခဲ့ဖူးပါတယ်။ ဆယ်ကျော်သက်အရွယ် စက်မှုကျောင်းသား ဘဝနဲ့ သန်လျင်မြို့မှာ ကျောင်းတက်တုံးကပေါ့။ လုပ်ချင်လို့ မဟုတ်ပါ။ စည်းကမ်းကြပ်ဆရာက ခိုင်းလို့ အလှည့်ကျ လုပ်ခဲ့ရတာဖြစ်ပါတယ်။ ကျောင်းပြီး တဲ့နောက် ကျွန်တော် အိမ်သာ မဆေးဖြစ်တော့ပါ။



**သခင့်စကား** ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၃ ။ နိုဝင်ဘာလ ၂၀၁၁ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မန်နေဂျာ၊ အင်ဂျင်နီယာ၊ စူပါဗိုက်ဆာ၊ ဆရာ လုပ်ခဲ့ဖူး တယ်။ နိုင်ငံခြား သွားခဲ့ဖူးတယ်။ အကောင်းဆုံး ကုမ္ပဏီမှာ အလုပ် လုပ်ခဲ့ဖူးတယ် ဆိုတဲ့ စကားလုံး ကြီးကြီး ကျယ်ကျယ်တွေ အစား ကျွန်တော်၊ ကျွန်မ အိမ်သာ ဆေးခဲ့ဖူးပါတယ်။ ဆိုတဲ့ ရိုးသား နှိမ့်ချတဲ့ စကားနဲ့ အောက်ဆုံးအဆင့် အိမ်သာဆေးတဲ့ အတွေ့အကြုံ ကျွန်တော်တို့မှာ ရှိရဲ့လား။ ကျွန်တော့် ယောက္ခထီး ကတော့ အိမ်သာ ဆေးခဲ့ဖူးတယ်လို့ ဂုဏ်ယူစွာ ပြောနေပါတယ်။

ဟုတ်ကဲ့။ အိမ်သာ ဆေးခဲ့ဖူးပါတယ်။ စာမေးပွဲမှာ ခိုးချလို့ ဆရာက အပြစ်ဒဏ်ပေးလို့ ဆေးခဲ့ဖူးတာပါ ဆိုရင်တော့ မှားသွားပါပြီ။ အိမ်သာ ဆေးခဲ့ခြင်းဟာ သူများခိုင်းလို့ မဟုတ်။ အပြစ်ဒဏ်ခံရလို့ မဟုတ်။ ပိုက်ဆံ ရလို့ မဟုတ်ပါ။ ဘယ်သူမှ မခိုင်းဘဲ ကိုယ့်ဘာသာကိုယ် ဆေးချင်လို့ သူများအတွက် အစေခံ ပေးချင်လို့ ဆေးခြင်းသာ ဖြစ်ပါစေ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က အသင်းတော်မှာ ဘယ်သူ ကမှ မခိုင်းဘဲ အောက်ခြေသိမ်း အိမ်သာဆေး၊ သန့်ရှင်းရေး လုပ်တဲ့ အစ်ကို နှစ်ယောက်ကို တွေ့ဖူးပါတယ်။ သူတို့ နှစ်ယောက်အနက် တစ်ယောက်သော သူဟာ အသင်းတော်က ဆုချတဲ့ လက်တစ်ဆစ်စာ အရွယ် ရွှေ လက်ဝါးကပ်တိုင်ကို ရသွား ပါတယ်။ အခု အချိန်မှာတော့ သူဟာ အိမ်သာ ဆက် ဆေးတာကို မတွေ့ရတော့ပါ။ ဒါပေမဲ့ နောက် အစ်ကို တစ်ယောက်ကတော့ ဒီကနေ့ထိ တိုင်အောင် အောက်ခြေသိမ်း အလုပ် ဖြင့် အိမ်သာဆေး၍ ဘုရား အမှုတော် ဆောင်နေဆဲပါ။ ဟာလေလုယာ။ ကျွန်တော် အသင်းတော် တော်တော် များများကို လေ့လာဖူးပါတယ်။ အသင်းတော် ဥက္ကဌနဲ့ အတွင်း ရေးမှူး ရွေးချယ်ပွဲ၊ လူငယ်ခေါင်းဆောင်ရွေးချယ်ပွဲ။ သင်းထောက် လူကြီး ခန့်အပ် ရွေးချယ်ပွဲတွေမှာ ရွေးပွဲဝင် ပြိုင်ပွဲဝင်တဲ့ သူတွေ များတဲ့အတွက် စာရေးတံချတဲ့ စနစ်၊ မဲပေး တဲ့ စနစ်နဲ့ သင့်တော်သူကို စကာတင် စစ်ထုတ်ရပါတယ်။

ဒါပေမဲ့ အသင်းတော် အိမ်သာဆေးဖို့ သန့်ရှင်းရေးလုပ်ဖို့ကျတော့ အရွေးခံမဲ့သူ။ ပြိုင်ပွဲ ဝင်မဲ့သူ မရှိသလောက် ရှားပါတယ်။ တစ်ခါမှ ကျွန်တော် မတွေ့ ဖူးပါ။ အိမ်သာ ဆေးမဲ့ သူကို အဆင့်နိမ့်သူလို့ လူတွေက သတ်မှတ်နေကြလို့ဘဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် နေရာ တကာမှာ အစေခံသူ ရှားပါးပြီး စေခိုင်းသူတွေ မိုလို ပေါ်နေတာကြောင့် ရန်လိုခိုက်ရန်ဖြစ်ခြင်း မနာလိုခြင်းတွေ ဖြစ်ပျက်နေတာ ဖြစ်ပါတယ်။ ဒီ ဆောင်းပါး လေးနဲ့လဲ နှိမ့်ချ သူတွေကို ဂုဏ်ပြုချင် ပါတယ်။ သမ္မာကျမ်းစာထဲမှာ မိမိကိုယ်ကို ချီးမြှောက် သူ နှိမ့်ချခံရမှာ ဖြစ်ပြီး မိမိကိုယ်ကို နှိမ့်ချသူ ချီးမြှောက်ခံရမှာ ဖြစ်ပါတယ်။

သင်တို့တွင် အကဲအမှူးပြုသောသူကို ငယ်သားကဲ့သို့ဖြစ်စေ။ အုပ်စိုးသောသူကိုလဲ အစေခံကဲ့သို့ဖြစ်စေ။ - - - ငါသည် သင်တို့တွင် လုပ်ကျွေး သောသူကဲ့သို့ဖြစ်၏။ လု ၂၂း၂၆-၂၇

အထက်ပါ ကျမ်းပိုဒ်လေးကတော့ သခင်ယေရှုကိုယ်တော်တိုင် တပည့်တော်တွေကို ဆုံးမတဲ့ စကားဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သခင်ယေရှုရဲ့ တပည့်တော်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်သူ ရာထူးပိုကြီးသလဲလို့ ငြင်းခုံနေကြလို့ပါဘဲ။ လုကာ၂၂း၂၄။

သခင်ယေရှုဟာလဲ ကိုယ်တော်တိုင် ဘုရားသား၊ သခင် ဖြစ်လျှက်နဲ့ တပည့်တော်တွေရဲ့ ခြေကို ဆေးတဲ့ အနိမ့်ဆုံးအလုပ်ကို လုပ်ပြသွားခဲ့ပါတယ်။ ကျွန်တော် လက်ရှိ လုပ်နေတဲ့ အလုပ်ထဲက အဖြစ်အပျက် တစ်ခုကို ဝေမျှ ချင် ပါတယ်။ အရင်တုံးက လုပ်ခဲ့တဲ့ အင်ဂျင်နီယာ ဟောင်း အလုပ် ထွက်သွားတဲ့ အတွက် သူဌေးက အင်ဂျင်နီယာ အသစ် တစ်ယောက် အရေးပေါ် ခန့်လိုက်ပါတယ်။ ဒီလူက မလေးရှား နိုင်ငံက အင်ဂျင် နီယာနဲ့ မပါတ်သက်တဲ့ အခြား ဘာသာရပ်တစ်ခုနဲ့ ဘွဲ့ရ ထားတာ ဖြစ်ပါတယ်။ အရေးပေါ် လူလိုနေလို့ သူတို့ အသိထဲက မလေးရှားနိုင်ငံသား တရုတ်လူမျိုးကို ဘာဘွဲ့ ဘဲဖြစ်ဖြစ်၊ အင်ဂျင်နီယာ အဖြစ် ရာထူး ပေးပြီး ခန့်လိုက် တာဖြစ်ပါတယ်။ အသက် ကလဲ ငယ်။ အင်ဂျင်နီယာနဲ့ ပါတ်သက်လို့ ကကြီး တစ်လုံး စာလောက် တောင် မသိ၊ ဗဟုသုတ မရှိတဲ့ လူသစ်ဟာ သူ့ကို သူဌေး ပေးထားတဲ့ ရာထူးကို ပါဝါသုံးပြီး အုပ်ချုပ် ပါတော့တယ်။ မနက်တိုင်း ဟန်ရေးပြပြီး အလုပ်သမား အားလုံးကို စည်းဝေး ခေါ်ပါ တယ်။

အင်ဂျင်နီယာနဲ့ ပါတ်သက်လို့ ဘာမှ မတတ်တဲ့ အတွက် နေ့စဉ် စည်းဝေးမှာ သူပြောတဲ့ စကားတွေက အိမ်သာ သန့်ရှင်းရေး လုပ်ဖို့၊ အိမ်သာသုံး စက္ကူများများ မသုံးဖို့၊ ဘိုထိုင်အိမ်သာပေါ် ခြေထောက် မတင်ဖို့၊ ကော်ဖီ သောက်ပြီးရင် ခွက် ဆေးဖို့။ မနက်စောစော အလုပ်ကြိုတဲ့ ဖယ်ရီနဲ့ ကားလာကြိုရင် နောက် မကျဖို့သာ ဖြစ်ပြီး နေ့တိုင်း ဒီ အကြောင်းဘဲ ပြောပါတယ်။ အလုပ်နဲ့ စက် ကိရိယာနဲ့ ပါတ်သက် လို့ ဘာမှ မသိတဲ့ အတွက် အလုပ်နဲ့ ပါတ်သက်ရင် ဆွေးနွေးတိုင်ပင် အကြံပေးလို့ မရတဲ့ အင်ဂျင်နီယာ ဖြစ်နေပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် အိမ်သာဆေးဖို့ အလှည့်ကျသူ မဆေးဖြစ်ခဲ့ရင် လူပုံ အလယ်မှာ ရေးကြီးခွင်ကျယ်လုပ်ပြီး အပြစ် ပြောပါ တယ်။ မိမိကိုယ်တိုင် ကတော့ အိမ်သာ မဆေးပါ။ ယခင်က လုပ်ခဲ့တဲ့ အင်ဂျင်နီယာ ဟောင်းဟာ သူကိုယ်တိုင် အိမ်သာကို အလုပ် သမားများနဲ့ တန်းတူ အလှည့်ကျ တာဝန်ယူ၍ နှိမ့်ချစွာ အစေခံသွားကြောင်း အလုပ် သမားဟောင်း တစ်ယောက်က ပြောပြ ပါတယ်။ မကြာခင်မှာ အဲဒီ အင်ဂျင်နီယာ ရာထူး အချ ခံလိုက်ရပြီး သူကိုယ်တိုင် အိမ်သာ အလှည့်ကျ ဆေးရတဲ့ သာမာန် အလုပ် သမား ဘဝကို ပြန်ရောက်သွားခဲ့ပါတယ်။

စင်ကာပူမှာ အင်ဂျင်နီယာ ရာထူး ယူထားတဲ့ သူ တော် တော် များများက ဘွိုင်လာစွပ် အဖြူကို ဝတ်ဆင်လေ့ ရှိပါတယ်။ မန်နေဂျာ တွေက တော့ ယူနီဖောင်းဝတ်စရာ မလိုဘဲ အပြင် အဝတ်အစားနဲ့ ရုံးခန်း ထဲမှာဘဲ အလုပ် လုပ်လေ့ရှိပါတယ်။ တလောက ကျွန်တော် အလုပ်လုပ်ဖို့ လီလွှိုက် အင်ဂျင်းနီးယားရင်း အလုပ်ရုံကို ရောက်သွားခဲ့ ပါတယ်။ အလုပ်ကိစ္စ မေးစရာရှိလို့ မန်နေဂျာ ဘယ်မှာ လဲ လို့မေးတဲ့ အခါ သင်္ဘော အင်ဂျင်တစ်လုံးကို အောက်ခြေ အလုပ်သမား တွေနဲ့ တန်းတူ။ ညစ်ပတ် နေတဲ့ သာမာန် အလုပ်သမားဝတ်စုံ ဝတ်ပြီး အောက်ခြေ သိမ်း အလုပ်ကို လုပ်နေတဲ့ မန်နေဂျာ လုပ်သူဟာ အလုပ် သမားကြား ထဲကနေ ထွက်လာ ပါတယ်။ ချွေးတစ်လုံး လုံးနဲ့ ညစ်ပတ် ပေရေနေအောင်လုပ်တဲ့ မန်နေဂျာ၊ အလုပ်ရုံ ထဲမှာ မပြတ်ရှိနေ တတ်တဲ့ သူဌေးကြောင့် လီလွှိုက် အင်ဂျင်းနီးယားရင်း အလုပ်ရုံ တစ်ခုလုံးက သူတွေ ထဲမှာ ရေသာခိုသူ မရှိ။ ဟောက်စား လုပ်သူ မရှိ။ အောက်ဖိ ထက်ဖား မရှိ။ လူပေါ် ကြော့ မရှိပါ။ အားလုံး ချွေးတစ်လုံးလုံး နဲ့ အလုပ် ကြိုးစား ကြပါတယ်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ဟာ ဝန်ကြီးချုပ်ဘဝနဲ့ ဆင်းရဲသား လယ်သမား မိသားစုတွေဆီ သွားရောက်လည်ပတ်ရင်း ညစ်ပတ်ပေရေနေတဲ့ ရွှံ့နွံဗွက် ထဲ လယ်ကွင်းထဲ ဆင်းပြီး နွားတစ်ယှဉ်းနဲ့ လယ်ထွန်ပြခဲ့သလို ရေပုံးနှစ်ပုံးကို ထမ်းပိုးနဲ့ ရေထမ်းပြကာ ဆင်းရဲသားလယ်သမား မိသားစုရဲ့ ဖြစ်သလို စားနေတဲ့ နေ့လည်စာ ထမင်းဝိုင်းမှာ ဘာမပြော ညာမပြောဘဲ ဝင်ထိုင်စားသောက် မိတ်ဆွေဖွဲ့ သွားခဲ့ပါတယ်။ အဲဒီ သတင်းနဲ့ ဓါတ်ပုံလေးကို စင်ကာပူနိုင်ငံထုတ် သတင်းစာထဲမှာ လွန်ခဲ့တဲ့ ၄နှစ်လောက်က ကျွန်တော် ဖတ်မိခဲ့ ကြည့်မိခဲ့ဖူးပါတယ်။ ဒီလို နှိမ့်ချတဲ့ ခေါင်းဆောင်ကို နိုင်ငံသား တွေက သူတို့ ရင်ထဲမှာ အမြဲ သိမ်းထားပြီး သတိတရနဲ့ ရှိနေတာ ဖြစ်ပါတယ်။

ဒါတင်မကသေးဘဲ လွန်ခဲ့သော နှစ်က ကမ္ဘာပေါ်မှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်တဲ့ အင်္ဂလန်က မင်းသမီး ဒိုင်ယာနာရဲ့ သားကြီးဝီလျံ မင်္ဂလာဆောင်တဲ့ သတင်းကို ကြည့်လိုက်ရပါတယ်။ မင်းသမီးရဲ့သား၊ ဘုရင်မကြီးရဲ့မြေး၊ နောင်တချိန် အင်္ဂလန် ဘုရင်ဖြစ်လာမဲ့ မင်းသား ဝီလျံ ကိုယ်တိုင် အိမ်သာဆေးနေတဲ့ ပြကွက် ဗီဒီယိုရိုက်ချက်လေးကို စင်ကာပူ Channel new asia မှာ ကြည့်လိုက်ရပါတယ်။ ဝီလျံလို လူမျိုးကို သူတို့ တိုင်းသူပြည်သားတွေက လိုလို လားလား လက်ခံ ချစ်ခင်ကြမှာ မြေကြီး လက်ခတ် မလွဲပါဘဲ။

အခုအချိန်မှာ စင်ကာပူ Channel 5 မှာ under cover boss ဆိုတဲ့ စီးရီးလေး တစ်ပါတ် တစ်ခါ ပြနေပါတယ်။ ကုမ္ပဏီရဲ့ သူဌေးကိုယ်တိုင် လုပ်ငန်းခွင်ထဲ ရုပ်ဖျက်ဝင်ရောက် လာပြီး အလုပ်ကြမ်း၊ အောက်ခြေသိမ်း အလုပ်၊ ညစ်ညစ်ပတ်ပတ် ရွံ့ရှာစရာကောင်းတဲ့ အလုပ်တွေကို ဝင်လုပ်ပြတဲ့ စီးရီးလေးပါ။ အလုပ်သမား အများစုက သူဌေးကို သူဌေးမှန်း မသိတဲ့အတွက် တစ်ချို့က အလုပ်သမားအသစ် ထင်ပြီး ခင်ခင်မင်မင် သင်ပေး။ ကူညီ ပေးပေမဲ့ တစ်ချို့ကတော့ အနိုင်ကျင့်ပြီး မကူညီကြပါဘူး။ သူဌေးကိုယ်တိုင် လျှို့ဝှက်စွာနဲ့ သူ့အလုပ်ခွင်ထဲ အလုပ်ကြမ်းသမားအဖြစ် ဝင်လုပ်တဲ့အခါမှာ အလုပ်သမားတွေ အလုပ် ကြပ်တွေရဲ့ စိတ်ထားမှန်ကတို သိလာသလို လုပ်ငန်းခွင်ရဲ့ အဖတ်အစင် ယိုပေါက်တွေကိုလဲ သိလာ မြင်လာခဲ့ပါတယ်။ နောက်ဆုံးနေ့မှာ သူဌေးကိုယ်တိုင် လူအများရှေ့မှာ သူ ဘယ်သူ ဘယ်ဝါဆိုတာ ဖြစ်ရပ်မှန်ပြောပြပြီး ရိုးသားသူကို ဆုချ။ ကူညီသူကို ရာထူးတိုးပြီး၊ မရိုးသား မကြိုးစား မကူညီသူကို ရာထူးချ ပညာပြတဲ့ စီးရီးလေး ဖြစ်ပါတယ်။ ကျနော် အရမ်းကြိုက်တဲ့ ရုပ်သံ စီးရီးလေးလဲ ဖြစ်ပါတယ်။

အိမ်ထောင်မှာ အဖေကိုယ်တိုင် အိမ်သာဆေး တံမြက်စည်း လှည်းနေရင် ကျန်တဲ့ အိမ်သား သားသမီးတွေလဲ မနေနိုင်တော့ပါဘူး။ လုပ်ခွင်မှာ သူဌေးကိုယ်တိုင် နှိမ့်ချပြရင် အလုပ်သမားတွေအားလုံး ထောင်လွှား ရဲမှာ မဟုတ်ပါဘူး။ နှိမ့်ချတဲ့ သူဌေးကို အလုပ်သမားတိုင်းက ချစ်ပြီး အလုပ်ထွက်၊ အလုပ်ပြောင်း သွားရင်တောင် သတိရနေတတ်ပါတယ်။ ဟောက်စား လုပ်တဲ့ သူဌေးကိုတော့ အလုပ်သမားတိုင်းက ကုမ္ပဏီ ပြုတ်ဖို့ ဆုတောင်း ပေးနေမှာ ဖြစ်ပါတယ်။ လောကဇာတ်ခုံ အသိုင်းအဝိုင်းမှာ နှိမ့်ချသူသာ ကြာကြာ စံရမှာ ဖြစ်ပါတယ်။

လူ့ ဇာတိခံသော ဘုရားသားတော် ယေရှုခရစ်တော်ဟာလဲ နှိမ့်ချစွာ ဆင်းလာခဲ့ပါ တယ်။ သင်တို့သည် အဘယ်နိမိတ်ဖြင့် သိရမည်နည်း ဟူမူကား သူငယ်သည် အဝတ် နှင့် ပါတ်ရစ်၍ နွားစားခွက်၌ သိပ်ထားလျှက်ရှိသည်ကို တွေ့မြင်ကြလိမ့်မည်။ လု ၂း၁၂။ ဆိုတဲ့ နှိမ့်ချသော ဘုရားရဲ့ နမူနာကို ခံယူ၍ နှိမ့်ချသော အတွေ့အကြုံကို သင်ယူကြ ကုန်စို့။ ॥ **မင်းအောင်သက်လွင်**

--------------------------------------------------------------------------------

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။
(နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; thelordword@gmail.com (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို **www.thelordword.com** တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၃ ။ နိုဝင်ဘာလ ၂၀၁၁ ခုနှစ်။
နိုင်ငံတကာ မှ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။